မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၅၆)

ဗိုလ်ချုပ်အောင်ဆန်း ဒို့တာဝန်အရေး(၃)ပါး

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒီမိုကရေစီစနစ်ကို အနှစ်သာရရှိရှိ တည်ဆောက်ဖော်ဆောင်နိုင်ရန် စတုတ္ထမဏ္ဍိုင်သည် အရည်အသွေးပြည့်ဝရန် အလွန်အရေးကြီး

အကြောင်းအရာတစ်ရပ်ကို ပြည်သူများ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ရေး ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြ ထိုသို့ ရေးသားဖော်ပြရာတွင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို အမြဲယှဉ်တွဲကျင့်သုံး

ရန်ကုန် မတ် ၃

ဒသမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ ဆုရ စာပေပညာရှင်များ၊ ဆရာဝန်တင်ရွှေမိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ စာပေသည် နိုင်ငံအတွက်ရော၊ နိုင်ငံတကာအတွက်ပါ အရေးကြီးသည့် အခန်းကဏ္ဍတွင် တည်ရှိနေကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်ဖြစ်ပြီး စာပေသည် ပညာ၊ နည်းပညာ၏ အခြေခံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာ၊ နည်းပညာ မြင့်မားတိုးတက်စေရေးအတွက် ကျေးလက်နေပြည်သူများအထိ လူငယ်လူရွယ်တိုင်း အခြေခံပညာကို လက်လှမ်းမီ သင်ကြားနိုင်စေရန်နှင့် အဆင့်မြင့်ပညာကိုလည်း အခက်အခဲအနည်းဆုံးဖြင့် သင်ယူနိုင်စေရန် တပ်မတော်အစိုးရလက်ထက်က အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု အစိုးရသစ်လက်ထက်တွင် အရေအတွက်မှ အရည်အချင်းသို့ တိုးတက်ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာ့လူ့ဘောင်တစ်ခုလုံး အစဉ်အမြဲ သင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရေးအတွက် ကျေးရွာစာကြည့်တိုက်များ ထူထောင်ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာအားလုံးနီးပါးတွင် စာကြည့်တိုက်များ တည်ထောင်ပြီးဖြစ်ကြောင်း၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာအောင်လည်း ဆက်လက်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အမျိုးသားစာပေဆု (၁၅)ဆုနှင့် စာပေဗိမာန်စာပေဆု (၁၃)ဆုတို့ကို ရွေးချယ်ဆုချီးမြှင့်လျက်ရှိကြောင်း၊ ဂျာနယ်များအတွက်လည်း ယခုနှစ်မှစတင်၍ အမျိုးသားသတင်းဆုကို ရွေးချယ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့သော် ယနေ့ ရေးသားထုတ်ဝေနေသည့် စာအုပ်များမှာ တစ်နှစ်လျှင် အမျိုးအစား ၄၀၀၇ မျိုးနှင့် ဂျာနယ် ၇၃၀၀ ကျော်ရှိရာ နိုင်ငံတော်က ချီးမြှင့်နိုင်သည့် ဆုအရေအတွက်မှာ နည်းနေသေးကြောင်း၊ အဆိုပါ လစ်ဟာနေသည့်ကွက်လပ်ကို ဆရာဝန်တင်ရွှေစာပေဆုက ဖြည့်ဆည်းချီးမြှင့်ပေးသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆုများကိုလည်း ချီးမြှင့်ဂုဏ်ပြုလျက်ရှိရာ ဆက်လက်ပေါ်ထွက်လာမည့် စာပေဆုဖောင်ဒေးရှင်းများကိုလည်း ကြိုဆိုပါကြောင်း။

ယခုအခါ နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ကို ကူးပြောင်းလျက်ရှိရာတွင် မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ တည်ဆောက်ဖော်ဆောင်နိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်သည် အရည်အသွေးပြည့်ဝရန် အလွန်အရေးကြီးပါကြောင်း၊ စာနယ်ဇင်းများ၏စံများဖြစ်သည့် ဘက်မလိုက်ရန်၊ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြသည့်အခါ ပြည်သူများ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ရေးအတွက် ရှုထောင့်တစ်ခုထဲမှမရေးဘဲ ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြရန်၊ ထိုသို့ ရေးသားဖော်ပြရာတွင် လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို အမြဲယှဉ်တွဲကျင့်သုံးရန်၊ ဒီမိုကရေစီစနစ်အရ လွတ်လပ်စွာ တွေးတောထင်မြင်ယူဆနိုင်ခွင့်ရှိသော်လည်း Unity in Democracy ရှိရန်၊ Unity in Democracy ကို ဦးတည်သည့်အခါ အမျိုးသားရေးကိုအခြေခံရန် စသည့်အချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဒသမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲတွင် ''ချစ်ဆိပ်ရည်သင့်သူများ''စာအုပ်ဖြင့် ဆုရရှိသည့် ဒေါက်တာဝင်းဆွေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နည်းပညာသိပ္ပံ

➤ ကောင်းမြတ်သူ - ရေးသားသည် ➤

ရေဆိုးမှ ဓာတ်အားထုတ်ကိရိယာ အမေရိကန်သုတေသီများ တီထွင်

ပင်ဆယ်ဗေးနီးယား မတ် ၃

*စွန့်ပစ်ရေဆိုးမှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သော ကိရိယာ (ဂျင်နရေတာ)တစ်မျိုး **(ယာပုံ)**ကို အမေရိကန်သုတေသနပညာရှင်များက တီထွင်လိုက်ပြီဖြစ်ကြောင်း မတ် ၂ ရက်က အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။*

အဆိုပါနည်းပညာသည် စွန့်ပစ်ရေဆိုးများကိုပါ တစ်ပြိုင်နက်တည်း ထုတ်ပေးနိုင်ကြောင်းလည်း ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသနအဖွဲ့က ပြောကြားသည်။



ယင်းကိရိယာကို တီထွင်နိုင်ခဲ့ခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေအိမ်များအတွက် လိုအပ်လျက်ရှိသည့် ရေကောင်းရေသန့်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်ကြောင်းလည်း ယင်းသုတေသနအဖွဲ့က အကြံပြုတင်ပြထားသည်။

နယ်သာလန်နိုင်ငံမှ သိပ္ပံပညာရှင်များသည် လွန်ခဲ့သော နှစ်များက ယင်းနိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက် ***စာမျက်နှာ ၈ ကော်လံ ၁*** ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

နည်းပြ အာစင်ဝင်းဂါး အကောင်းဆုံး နည်းပြဆုဆွတ်ခူး စာ-၅

ကမ္ဘာကျော်အဆိုတော် အေဗရယ်လာဗင်း ဗီဒီယိုသီချင်းခွေထွက်ပြီ စာ-၅

လိုအပ်သည့်နေရာများသို့ မြွေဆိပ်ဖြေဆေးများ လှူဒါန်းမည် စာ-၆

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၄ ရက်)

ဝေါဟာရများကို အစွဲပြု၍....

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ တောင်သူလယ်သမားများ ဖြစ်ကြသည်။ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးရန် အမှန်ပင်လိုအပ်လာ၏။ ထို့ကြောင့်ပင် ဆင်းရဲမှုလျှော့ချရေးဟူသော ဝေါဟာရသည်လည်း ပေါ်ပေါက်လာရ၏။ လွန်ခဲ့သည့် နှစ်မှစတင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတာဝန်များကို အမျိုးသားရည်မှန်းချက်အဖြစ်ချမှတ်ပြီး လုပ်ငန်းစဉ်(၈)ရပ် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပေသည်။ ထိုနှင့်တစ်ဆက်တည်းဆိုသလိုပင် အသေးစားငွေရေးကြေးရေးဟူသော ဝေါဟာရသည်လည်း ဆင်းရဲသားပြည်သူများအကြား ရေပန်းစားသော ဝေါဟာရတစ်ခုပင်ဖြစ်လာ၏။

အသေးစားငွေရေးကြေးရေးဥပဒေကို ပြဋ္ဌာန်းလျက် ဝင်ငွေနည်းပါးသည့် ကျေးလက်ဒေသနေ ပြည်သူများအား အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ပေးလျက်ရှိသည်။ ထိုချေးငွေများဖြင့်ပင် ဆင်းရဲသား တောင်သူလယ်သမားတို့သည် စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ မွေးမြူရေးအတွက် သော်လည်းကောင်း၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများအတွက်သော်လည်းကောင်း အရင်းအနှီးပြုလုပ်နိုင်ကြသဖြင့် ငွေကြေးအခက်အခဲကို အထိုက်အလျောက် အဆင်ပြေခဲ့၏။

ကျေးလက်ဒေသနေတောင်သူလယ်သမားများအကြား ရေပန်းစားလာသော နောက်ထပ်ဝေါဟာရတစ်ခုမှာ အထွက်နှုန်းကောင်း စပါးမျိုးများကို သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စိုက်ပျိုးရေးဆိုသည့် ဝေါဟာရပင်ဖြစ်၏။ ယခုအခါ နိုင်ငံဒေသအတော်များများ၌ပင် ထိုစနစ်ကိုကျင့်သုံးပြီး စတင်စိုက်ပျိုးလုပ်ကိုင်ကြရန် အားထုတ်နေကြပြီဖြစ်သည်။ ဤစနစ်သည်ကား တစ်ဧကအထွက်နှုန်း တင်းရာကျော်ထွက်သဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ ဝင်ငွေစီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလာနိုင်၏။

တစ်ဖန်ပေါင်းစည်းလယ်ယာဆိုသည့် ဝေါဟာရသည်လည်း တောင်သူလယ်သမားတို့အကြား ရေပန်းစားနေသည့် ဝေါဟာရပင်ဖြစ်သည်။ ပေါင်းစည်းလယ်ယာဟူသည်ကား စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်လုပ်ကိုင်သောအလုပ်ပင်ဖြစ်သည်။ စိုက်ပျိုးရေးသက်သက်မဟုတ်ဘဲ မွေးမြူရေးပါလုပ်ကိုင်သည့် တောင်သူတို့၏ ဝင်ငွေစီးပွားသည် နှစ်ဆတိုးပွားနိုင်သော နည်းကောင်း၊ စနစ်ကောင်းတစ်ခုပင်ဖြစ်၏။

ယနေ့ တိုးတက်ပြောင်းလဲလာသည့်ခေတ်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ဆီသို့ တဖြည်းဖြည်းကူးပြောင်းဆောင်ရွက်နေပြီဖြစ်သည်။ ဤသည်မှာလည်း ကျေးလက်ဒေသနေ တောင်သူလယ်သမားများအကြား ရေပန်းစားလာသည့် ဝေါဟာရတစ်ရပ်ပင်ဖြစ်၏။ စက်မှုလယ်ယာစနစ်ဟူသည် လယ်ယာလုပ်ငန်းခွင် အသီးသီးတို့တွင် စက်ကိရိယာများအသုံးပြု စိုက်ပျိုးထုတ်လုပ်ခြင်းပင်ဖြစ်၏။ ထိုစနစ်သည်ကား အချိန်ကုန်လူပင်ပန်းမှုကိုသက်သာစေ၏။ လုပ်ငန်းကိုတွင်ကျယ်စေ၏။ ယခုအခါ စက်မှုလယ်ယာစနစ်တိုးတက်ထွန်းကားလာစေရေးအတွက် လယ်ထွန်စက်အမျိုးမျိုးကို တောင်သူလယ်သမားတို့အား သက်ဆိုင်ရာက အရစ်ကျစနစ်များဖြင့် ရောင်းချပေးနေပြီဖြစ်သည်။ စက်မှုလယ်ယာစနစ် ရှင်သန်လာသည်နှင့်အမျှ တောင်သူလယ်သမားတို့၏ လူမှုဘဝသည်လည်း မြင့်မားတိုးတက်လာနိုင်ပေသည်။

သို့ဖြစ်၍ ကျေးလက်ဒေသနေပြည်သူများ လူမှုဘဝစီးပွား တိုးတက်မြင့်မားစေရေးအတွက် အထက်ဖော်ပြပါဝေါဟာရများ ရေပန်းစားလာခြင်းနှင့်အတူ ဝင်ငွေစီးပွားတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ကြိုးစားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

သံတောင်ကြီးမြို့နယ် အလယ်ချောင်းအောက်ကျေးရွာ၌ အမကကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

သံတောင်ကြီး မတ် ၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နယ်ခွဲ အလယ်ချောင်းအောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ကို လိပ်သိုမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့် ပြည်နယ်ပညာရေးမှူးရုံး လက်ထောက်ကြီးကြပ်ရေးမှူး ဦးမန်းတင်အုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဂျေအေဝင်းမြင့်နှင့်လိပ်သိုမြို့ အထကကျောင်းအုပ် ဦးမန်းသိန်းကျော်တို့က အမှာစကားပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အုတ်ညှပ်၊ သွပ်မိုးတစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်ပညာရေးမှူးရုံး)

သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း ကျိုင်းတုံ၌ဖွင့်

ကျိုင်းတုံ မတ် ၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၂/၂၀၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့စည်ပင်သာယာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုဦးစီးကော်မတီ ဥက္ကဋ္ဌ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း **(အောက်ပုံ)**က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်က သင်တန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် မဟာစည်မြဝတီသာသနာ့ရိပ်သာ၏ (၂၁)ကြိမ်မြောက်စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုတစ်လသင်တန်းနှင့် ဝိပဿနာတရား အားထုတ်ပွဲကို မတ် ၁၇ရက်ညနေ ၃ နာရီနှင့် မတ် ၁၈ ရက် နံနက် ၇ နာရီတွင် မြဝတီသာသနာ့ရိပ်သာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၂၅)

ငါးသိုင်းချောင်းမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်ရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၁ နာရီက ငါးသိုင်းချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပဋ္ဌမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးပွဲ ကျင်းပရာ ရှေးဦးစွာ အသက် ၈၀အထက် အဘိုးအဘွားများအား လျှုဖွယ်ပစ္စည်းများနှင့် ကန်တော့ကြပြီး ငါးသိုင်းချောင်းအသင်းဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၁ခုနှစ် အခြေခံပညာ အထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် မနွေးနွေးရဲဝင်း၊ ငါးဘာသာဂုဏ်ထူးရှင် မောင်ဝင်းလွင်ဖြိုး၊ လေးဘာသာဂုဏ်ထူးရှင် မောင်ထက်မြက်စံနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ၂၀၁၀ခုနှစ် စာပေဗိမာန်စာပေဆုရှင်များ ဖြစ်ကြသော ဇော်မျိုးဟန် (ငါးသိုင်းချောင်း)နှင့် သိန်းဇော် (ရွှေလီဦး)တို့အား အသင်းတာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးခဲ့ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိ အမြဲရှိ

အခြေခံမီးသတ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ် (၆၊ ၇၊ ၉) ပရိဘောဂစက်ရုံများ၊ အကြိုအခြေခံ မီးသတ်သင်တန်း(၁/၂၀၁၂)ဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက်နံနက် ၉ နာရီက အမှတ်(၉) ပရိဘောဂစက်ရုံ (ဝါးတရာ)၌ ကျင်းပရာ သစ်အခြေခံစက်မှုလုပ်ငန်းဌာနစု ဒုတိယအထွေထွေမန်နေဂျာ (လုပ်ငန်း) ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မြောက်ပိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ထူးချွန် သင်တန်းသား သုံးဦးအား တိုင်းဒေသကြီး အင်ဂျင်နီယာ ဦးဝင်းအောင်နှင့် မြို့နယ်စခန်းမှူး ရဲအုပ်ဝင်းအောင်တို့က ဆုများချီးမြှင့်ခဲ့ကြပြီးနောက် သင်တန်းဆင်း လက်မှတ်များကို မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးက သင်တန်းခေါင်းဆောင်အား ပေးအပ်ခဲ့သည်။ အခမ်းအနားအပြီးတွင် သင်တန်းဆရာများနှင့် သင်တန်းသားတို့က မီးငြှိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ **(၁၆၆)**

ပုသိမ်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

ပုသိမ် မတ် ၃

ပုသိမ်မြို့နယ် ကျောက်ချောင်းကြီးကျေးရွာအုပ်စု တောင်သူ ဦးအောင်ကြည် စိုက်ပျိုးထားသည့် ဆင်းသုခစပါး ၃ ဒသမ ၇၈ ဧကရှိ လယ်မြေတွင် ဖေဖော်ဝါရီ ၁၆ ရက်က စံကွက်ရိတ်သိမ်းရာ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်၊ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်သိန်း၊ ပုသိမ်ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဇော်မြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိန်မောင်မြင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးလှဝေနှင့် မြေစာရင်း၊ စိုက်ပျိုးရေးဝန်ထမ်းများက စံကွက်ရိတ်သိမ်း၍ အထွက်နှုန်းများ ရယူကြသည်။ **(အောက်ပုံ)**

စံကွက်ရိတ်သိမ်းရာတွင် ဆင်းသုခစပါး(ကောင်း)အမျိုးအစားမှ တစ်ဧက ၉၅ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်းဦးစီးဌာန)**

မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

ကြို့ပင်ကောက် မတ် ၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ရွှေကျွန်းတောသစ်ထုတ်ရေးစခန်း (ဇီးကုန်းသစ်ထုတ်လုပ်ရေးဒေသ)၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ဇီးကုန်းသစ်ထုတ်ရေးမန်နေဂျာ ဦးဦးသန်းမြင့်၊ လက်ထောက်မန်နေဂျာ ဦးညီမင်းလတ်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲကျော်စွာဖြူဝင်း၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းတို့သည် သနွှေမီးသတ်၊ အရန်မီးသတ်များ၊ ရွှေကျွန်းတောသစ်ထုတ်ရေးစခန်းအုပ် ဦးဇော်လတ် ဝန်ထမ်းများနှင့်အတူပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၁၁)**

ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

မူဆယ် မတ် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနွယ်ဝင်းက အမှာစကားပြောကြားပြီး ကွတ်ခိုင်မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၉ ဦးအတွက်ပေးအပ်ရာ အလယ်တန်းပြဆရာမတစ်ဦးက ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကိုယ်စား လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝန်မြစ်ကြောင်း ပြောင်းလဲဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်

ငါးသိုင်းချောင်း မတ် ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ သောင်ကြီးကျေးရွာတွင် ဒေါင့်ကြီးဘက်ကျေးရွာရှိ ယခင်ဝန်မြစ်ကြောင်းဟောင်းနေရာမှာ နုန်းများ၊ သဲများပို့ချမှုကြောင့် မြစ်ကောပျောက်ကွယ်ခဲ့ပြီး အရှေ့ဘက်ကမ်းဖြစ်သော ငါးသိုင်းချောင်းမြို့အထက်နားရှိ ဗောဓိကုန်းရွာရေကာတာဘက်သို့ မြစ်ကြောင်းပြောင်း ရေတိုက်စားနေမှုတို့ကြောင့် ဝန်မြစ်ရေကာတာအဆင့်ဆင့် ပြုပြင်နေရခြင်းနှင့်ရေတိုက်စားမှုအန္တရာယ် သက်သာစေမည့် ရေကာတာနှင့်ဝေးရာနေရာမှ မြစ်ကြောင်းပြောင်းလဲဖောက်လုပ်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မတ္တရာ မတ် ၃

မတ္တရာမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးကြီးအတွင်း/အပြင်တွင် အဖွဲ့ပိုင် မီးသတ်စက်ငယ်လေးလုံး၊ အဖွဲ့ပိုင်ရေကား နှစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် သရုပ်ပြလေ့ကျင့် ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးဝင်း၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မုံကြိုင်းကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ရေရှည်ရှင်သန်ခိုင်မာအောင် ဆောင်ရွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ရှေးမူမပျက် ဆက်လက်ပြုပြင်ထိန်းသိမ်း

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့၌ ရောက်ရှိနေသော ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် မုံကြိုင်းကျေးရွာနှင့် သင်တီးကန်ကျေးရွာများသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် နောရိုးကျေးရွာနှင့် တုန်းကန်ကျေးရွာများသို့ လည်းကောင်း သွားရောက်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စာသင်ကျောင်းများပြုပြင်၊ တိုးချဲ့ဆောက်လုပ်ရန် လိုအပ်ချက်များ၊ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှုများ၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ ပြုပြင်မွမ်းမံရန် လိုအပ်ချက်များကို ကြည့်ရှုကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ဒေသခံပြည်သူများအနေဖြင့် ကျောင်းသားလူငယ်များ ဆုံးခန်းတိုင် ပညာသင်ကြားတတ်မြောက်နိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ အသိဗဟုသုတတိုးတက်ပြီး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်ရေး၊ ထူထောင်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို မိမိတို့ကျေးရွာ၏ ဒုတိယ ဘုန်းတော်ကြီးကျောင်းအဖြစ် မှတ်ယူပံ့ပိုးပြီး ရေရှည်ရှင်သန်ခိုင်မာအောင် ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ရေး၊ ဖောက်လုပ်ပေးထားသည့် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးမှု မရှိအောင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် သမားရိုးကျစိုက်ပျိုးရေးမှ အထွက်တိုးစပ်မျိုးစပါးများ စမ်းသပ်စိုက်ပျိုးထုတ်လုပ်ရေး၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးစသည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ကျေးရွာများသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် သင်တီးကန်ကျေးရွာ မူလတန်းကျောင်းဆောင် ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ နောရိုးကျေးရွာ မူလတန်းလွန်ကျောင်း တိုးချဲ့ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ တုန်းကန်ကျေးရွာ မူလတန်းလွန်ကျောင်းဆောင် ပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ကျေးရွာများရှိ စာကြည့်တိုက်များအတွက် စာအုပ်တင်စင်များကိုလည်းကောင်း ပံ့ပိုးလှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းရှိ ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက်သို့ရောက်ရှိပြီး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက် တာဝန်ခံသုတေသနအရာရှိ ဦးဌေးဝင်းမောင်တို့က ရောဝတီမြစ်ကူးတံတား (ပခုက္ကူ) ဖွင့်လှစ်ပြီးနောက်ပိုင်း ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာမှု၊ ပုခန်းကြီးမြို့ဟောင်း နယ်မြေအတွင်းရှိ အင်းဝ၊ ညောင်ရမ်းခေတ် ဘုရားပုထိုးစေတီများအား မွမ်းမံထိန်းသိမ်းနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပုခန်းကြီးမြို့ဟောင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ရှေးမူမပျက် ဆက်လက်ပြုပြင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက်တွင် ခင်းကျင်းပြသထားသည့် ကျောက်ခေတ်သစ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ကာလ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ပုခန်းကြီး ရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့နှင့် အငြိနေ့များမှအပ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိပြီး ပြည်ပခရီးသွားတစ်ဦးလျှင် ဇုန်ဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန် ၅ ဒေါ်လာ၊ ပြည်တွင်းခရီးသွား လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀ နှင့် ကလေးတစ်ဦးလျှင် ငွေကျပ် ၁၀၀ သတ်မှတ်ထားပြီး ကျောင်းသား ကျောင်းသူများအား အခမဲ့ဝင်ရောက်လေ့လာခွင့် ပြုထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သတ္တု၊ သစ်တော၊ ပြည်ထောင်စုလမ်းနှင့် မြို့ပြမြေယာကိစ္စများနှင့်စပ်လျဉ်းသည့် မေးခွန်း ၁၅ ခုကို ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ ၂၀၁၂ခုနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ဒဂုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၃

ဒဂုံတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒဂုံတက္ကသိုလ်ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပရာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှဌေး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးအောင်မိုး၊ ပါမောက္ခ (ဌာနမှူးများ)၊ ကထိကများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒဂုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ဘူမိဗေဒအသင်းအား ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှဌေး **(အပေါ်ပုံ)**နှင့် အခြားဆုရရှိသူများအား တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရှိရသည်။ **(၁၆၃)**

ထားဝယ်အသင်း နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် မတ် ၃

ထားဝယ်အသင်း၏ (၈၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးပွဲကို မတ် ၁၀ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်း ဇမ္ဗူ့ရတနာပါဠိတက္ကသိုလ် (ထားဝယ်ဘုန်းတော်ကြီးကျောင်း)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Engineering Technical Division က ကြီးမှူးကျင်းပသော မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ခြင်း နည်းပညာ ဖွံ့ဖြိုးရေးအတွက် Technical Seminar ကို တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ Seminar Room တွင် မတ် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ၌ ကျင်းပပြီး "Verification on the Evolutionary Policy of Automobile Production in Asia-Pacific Region and Appropriate Suggestions to be Applied in Myanmar" ခေါင်းစဉ်ဖြင့် ဦးခင်မောင်ချိုက ဟောပြောဆွေးနွေးမည်ဖြစ်ရာ အသင်းဝင်များ၊ မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက် ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(အင်ဂျင်နီယာအသင်း)**

သာကေတမြို့နယ် အမက(၁၆) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေက တတိယတန်းတွင် ဘက်စုံထူးချွန်ဆုရရှိသူ မောင်ဇော်ထူးမြတ်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

Tourist Maps of Myanmar (TMM-28) အခမဲ့ ဖြန့်ချီ

ရန်ကုန် မတ် ၃

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co.,Ltd.(D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှ စတင်ပြီး ထုတ်ဝေလျက်ရှိရာ ယခုထိ စောင်ရေ ၁၈ သိန်း ငါးသောင်း စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။ ယခုပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar (TMM-28) ကို အခမဲ့ ထပ်မံဖြန့်ချိနေပြီဖြစ်သည်။

Tourist Maps of Myanmar (TMM-28) တွင် မြန်မာပြည်အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီး အသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြေပုံ၊ ပေလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါ ခရီးသွားလမ်းညွှန်မြေပုံများ၏ အကူအညီဖြင့် မြန်မာနိုင်ငံအတွင်းရှိ စိတ်ဝင်စားဖွယ်ရာနေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

ယခုဖြန့်ချိသော Tourist Maps of Myanmar (TMM-28) မြန်မာ့ခရီးသွားလမ်းညွှန်မြေပုံများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးပေးလျက် ရှိပြီး နိုင်ငံတကာတွင် ကျင်းပလျက်ရှိသည့် Travel Show များသို့ လည်းကောင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ လည်းကောင်း၊ မြန်မာနိုင်ငံရှိ သံရုံးများသို့ လည်းကောင်း စနစ်တကျ ပေးပို့ဖြန့်ချိလျက်ရှိပါသည်။ ပြည်တွင်းသို့ အဓိက ခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ် လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင် လည်းကောင်း၊ Design Printing Services Co.,Ltd. (D.P.S) တွင် လည်းကောင်း ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း၊ ဆက်သွယ်ထုတ်ယူနိုင်သည့် လိပ်စာမှာ အမှတ် ၁၆၅/၁၆၇ ပထမထပ် ၃၅ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-(၉၅-၁) ၂၀၄၀၂၀၊ ၂၀၄၂၀၀၊ ဖက်စ် (၉၅-၁) ၂၄၅၂၃၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

ဆိုမာလီတောင်ပိုင်း ကင်ညာတိုက်လေယာဉ်များဗုံးကြဲ

နိုင်ရိုဘီ မတ် ၃

ဆိုမာလီနိုင်ငံတောင်ပိုင်းမှ အယ်ရှာဘက်အကြမ်းဖက်သမားများကို ကင်ညာတိုက်လေယာဉ်များက သုံးလေးကြိမ်တိုက်ခိုက်သည့်အတွက် အနည်းဆုံးအကြမ်းဖက်သမား ၃၀ ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဓာတ်ပုံ)**

ဆိုမာလီနိုင်ငံဂီဒိုဒေသ ဘာဒီရီမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၆၀အကွာ ဘာဒူဘိုမြို့ဆင်ခြေဖုံးဒေသကို ကင်ညာဂျက်တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်သည်။ အနည်းဆုံးအယ်ရှာဘက် အကြမ်းဖက်သမား ၃၀ မတ် ၁ ရက်က ဒဏ်ရာရရှိခဲ့သည်။

ဆိုမာလီသမ္မတ ရှိတ်ရှရစ်ရှိတ် အာမက်က ကင်ညာတပ်ဖွဲ့ဝင်များ ဆိုမာလီနိုင်ငံအတွင်း ကျူးကျော်မှုကို ဆန့်ကျင်ကြောင်းပြောကြားထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ သင်္ဘောကျင်း၌ ကုန်တင်သင်္ဘောပေါက်ကွဲ လေးဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရ

နန်ကျင်း မတ် ၃

တရုတ်နိုင်ငံအရှေ့ပိုင်းမြို့ဖြစ်သည့် နန်ကျင်းမြို့တွင် သင်္ဘောကျင်း၌ မတ် ၂ ရက်ညက ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ နန်ကျင်းကုန်တင်ကော်ပိုရေးရှင်းပိုင် ကျိကျင်ရှန်းသင်္ဘောကျင်းတွင် ဒေါက်တင်ထားသည့် ကုန်တင်သင်္ဘောတစ်စင်း၌ ဘွိုင်လာပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကာ အလုပ်သမားလေးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရခဲ့သည်။

ည ၁၁ နာရီခန့်တွင် ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ ကျိကျင်ရှန်း သင်္ဘောကျင်းတွင် အထွေထွေပြင်ဆင်မှုများပြီးနောက် သင်္ဘောကိုပိုင်ဆိုင်သည့် ချိုင်းနားချောင်ဂျောင်နေရှင်နယ် သင်္ဘောလုပ်ငန်းအုပ်စုထံသို့ ပြန်လည်အပ်နှံရမည့် ကုန်တင်သင်္ဘောကြီး၌ ဘွိုင်လာအိုးပေါက်ကွဲခြင်းဖြစ်ကြောင်း သင်္ဘောကျင်းက သတင်းထုတ်ပြန်ခဲ့သည်။

ဒဏ်ရာရသူ သင်္ဘောကျင်းအလုပ်သမား ၁၂ ဦးအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ အလုပ်သမားနှစ်ဦးမှာ အနည်းငယ်သာ ထိခိုက်ဒဏ်ရာရရှိသဖြင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ကျန်လူနာများကို အရေးပေါ်ဆေးဝါးကုသမှု လုပ်ဆောင်လျက်ရှိကြောင်း သင်္ဘောကျင်းက ထုတ်ပြန်သည့်သတင်းတွင် ဖော်ပြထားသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက ပေါက်ကွဲမှုဖြစ်စဉ်၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

အီတလီနိုင်ငံအလုပ်လက်မဲ့နှုန်း ဇန်နဝါရီတွင် ၉ ဒသမ ၂ ရာခိုင်နှုန်းအထိတိုး

ရောမ မတ် ၃

နိုင်ငံတွင်းစီးပွားရေး ကျဆင်းမှုနှင့် ရင်ဆိုင်နေရသည့် ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင် အီတလီနိုင်ငံသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် အလုပ်လက်မဲ့နှုန်း ၀ ဒသမ ၃ ရာခိုင်နှုန်းတက်ကာ စံချိန်တင်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဖော်ပြပါရှိ

အီတလီအလုပ်လက်မဲ့နှုန်းသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ၈ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ၉ ဒသမ ၂ ရာခိုင်နှုန်းတိုးလာကြောင်း အီတလီစာရင်းအင်းဌာန၏ နောက်ဆုံးထုတ်အကြောင်းအချက်များတွင် ဖော်ပြပါရှိသည်။

၂၀၀၄ခုနှစ် ဇန်နဝါရီလမှစ၍ အီတလီအလုပ်လက်မဲ့နှုန်း လစဉ် စတင်တိုးတက်လာခဲ့ရာမှ ယခုအခါ အမြင့်ဆုံးစံချိန်တင်များပြားလာခြင်းဖြစ်သည်။ ဇန်နဝါရီလတွင် အလုပ်ရှာဖွေသူ ၂ ဒသမ ၃၁၂ သန်းရှိလာပြီဟု သိရသည်။ **(အင်တာနက်)**

ရောမမြို့တွင်းလမ်းပေါ်ရှိ အလုပ်လက်မဲ့များကို တွေ့ရစဉ်။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အမေရိကန်နိုင်ငံ၌ လေဆင်နှာမောင်းမွှေနောက် သေဆုံးသူ ၂၇ ဦးရှိ၊ ပျက်စီးမှုတန်ဖိုးများပြား

ချီကာဂို မတ် ၃

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် မတ် ၂ ရက်က လေဆင်နှာမောင်းများမွှေနောက် တိုက်ခတ်သွားခဲ့ရာ ပျက်စီးသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရပြီး အနည်းဆုံး လူ ၂၇ ဦး သေဆုံးကြောင်း၊ မြို့ငယ်တစ်မြို့မှာ မြို့လုံးကျွတ် ပျက်စီးခဲ့ရကြောင်း သတင်းထုတ်ပြန်သည့် သတင်းအရ သိရသည်။ **(ယာပုံ)**

အင်ဒီယားနာပြည်နယ်အတွင်းသေဆုံးသူဦးရေအများဆုံးဖြစ်ပြီး အနည်းဆုံး ၁၃ဦးရှိသည်။မာရီဗေးဆိုသည့် မြို့ငယ်တစ်မြို့သည် လေဆင်နှာမောင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးသွားခြင်းဖြစ်သည်။ ကင်တာကီပြည်နယ်အတွင်း၌ ၁၂ ဦး သေဆုံးပြီး အိုဟိုင်းယိုးပြည်နယ်တွင် ယာယီအိမ်ငယ်တစ်လုံးအတွင်း သေဆုံးနေသူနှစ်ဦးအား တွေ့ရှိခဲ့သည်။

မတ် ၂ ရက်က ဝင်ရောက်တိုက်ခတ်သွားသည့် အဆိုပါလေဆင်နှာမောင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးပမာဏများပြားကြောင်း သတင်းထုတ်ပြန်မှုများတွင် ကြေညာခဲ့သည်။

ပြီးခဲ့သည့်နှစ်ရက်အလွန်က ကန်ဆက်၊ မစ်ဆူရီ၊ အီလီနွိုက်နှင့် တနက်ဆီပြည်နယ်များတွင် တိုက်ခတ်မွှေနောက်သွားသည့် လေဆင်နှာမောင်းများ ဘေးအန္တရာယ်တွင်လည်း သေဆုံးသူ ၁၃ ဦးရှိခဲ့သည်။ အနောက်အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများသို့ နောက်ဆက်တွဲလေဆင်နှာမောင်းများ ဦးတည်ဝင်ရောက် တိုက်ခတ်လာသဖြင့် စာသင်ကျောင်းများ၊ အစိုးရရုံးများ၊ စီးပွားရေးလုပ်ငန်းများကို ပိတ်ထားကြရန် အာဏာပိုင်များက ဆော်ဩကာ မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။ **(အင်တာနက်)**

ချီလီနိုင်ငံတွင် လေယာဉ်ငယ်ပျက်ကျ

စန်တီယာဂို မတ် ၃

ချီလီနိုင်ငံတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ငါးဦးသေဆုံးသည်ကို အာဏာပိုင်များက အတည်ပြုနိုင်ခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာခဲ့သူများမှ ကျန်ရှိသူသုံးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သတင်းမီဒီယာများတွင် မတ် ၃ ရက်က ဖော်ပြသည်။ **(ဓာတ်ပုံ)**

လေယာဉ်ပျက်ကျမှုဖြစ်ပြီး ကနဦးအစ၌ သုံးဦးသေဆုံးသည်ဟု ကာကွယ်ရေးဝန်ကြီး အန်ဒရီအဲလ်လန်မတ်က ပြောကြားခဲ့ပြီးသော်လည်း သိပ်မကြာမီ ကယ်ဆယ်ရေးဝန်ထမ်းများ လူသေအလောင်းငါးလောင်းကို ရှာဖွေတွေ့ရှိပြီး သေဆုံးသူဦးရေ ငါးဦးရှိသည်ဟု အာဏာပိုင်များက အတည်ပြုခြင်းဖြစ်သည်။

"ပျောက်ဆုံးသူသုံးဦးရဲ့ သတင်းအစနတစ်ခုတလေမှ မကြားရသေးပါ။ ဒါပေမယ့် လေယာဉ်ပျက်ကျရာတစ်ဝိုက် အထူးကယ်ဆယ်ရှာဖွေရေးများ ဆောင်ရွက်နေပါတယ်"ဟု ဝန်ကြီး အန်ဒရီဟာက ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ပျက်ကျခဲ့သော ပန်ကာတစ်လုံးတပ် လေယာဉ်ပျက်ကိုယ်ထည်ကို ချီလီနိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်သည့် ကွီလွန်းမြို့အနီး ပက်ဒရာဘလန်ကာနယ်မြေပိုင်းတွင် လေတပ်နှင့် ရေတပ်စုပေါင်းမှုဖြင့် ရှာဖွေတွေ့ခဲ့ခြင်းဖြစ်သည်။

မဲလ်လင်ကာမြို့မှ ကွီလွန်းသို့ ပျံသန်းသည့်ခရီးစဉ်အတွင်း ပျံတက်ပြီး များစွာအချိန်မကြာသေးခင် စန်တီယာဂိုမြို့ တောင်ဘက် ကီလိုမီတာ ၁၃၇၀အကွာ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ထိုလေယာဉ်ပေါ်လိုက်ပါစီးနင်းခဲ့သည့် ခရီးသည်များမှာ ကွီလွန်းမြို့သို့သွားကြမည့် မိသားစုတစ်စုဖြစ်ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြထားသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ လေကြောင်းတိုက်ခိုက် ၂၂ဦးသေဆုံး

အစ္စလမ္မာဘတ် မတ် ၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နယ်စပ်အနီး အထက်အိုရာဇိုင်းလူမျိုးစုဒေသအတွင်းမှ အကြမ်းဖက်သမားများ ခိုအောင်းသည့်နေရာများကို ပါကစ္စတန်ဂျက်တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် အနည်းဆုံး အကြမ်းဖက်သမား ၂၂ဦး သေဆုံးပြီး ၂၈ဦး ဒဏ်ရာရရှိခဲ့သည်။

အထက်အိုရာဇိုင်းလူမျိုးစုဒေသကို ပါကစ္စတန်ဂျက်တိုက်လေယာဉ်များက မတ် ၂ ရက်နေ့ နံနက်က လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါ လေကြောင်းစစ်ဆင်ရေးအတွင်း သေဆုံးသွားသည့် အကြမ်းဖက်သမားများတွင် ပါကစ္စတန်စစ်တပ်က အလိုရှိနေသည့် တီရစ်အီးတာလီဘန် ပါကစ္စတန် (တီတီပီ)အကြမ်းဖက်အဖွဲ့တပ်မှူးတစ်ဦးဖြစ်သူ မူလာတူဖန်လည်း ပါဝင်သည်ဟု သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၃-၃-၂၀၁၂)

တင်မောင်လွင် - စုစည်းသည်

နယူးဇီလန်၌ ပင်ဂွင်းငှက်ကျောက်ဖြစ်ရုပ်ကြွင်း ပြန်ဖော်ထုတ်မည်

နယူးဇီလန်နိုင်ငံတွင် မျိုးသုဉ်းပျောက်ကွယ်သွားသည့် ကြီးမားသောပင်ဂွင်းငှက်များ၏ ကြွင်းကျန်သည့်ကျောက်ဖြစ်ရုပ်ကြွင်းများကိုရှာဖွေ၍ ပြန်လည်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း မတ် ၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ သုတေသနပညာရှင်များသည် အဆိုပါ ပြန်လည်ရှာဖွေဖော်ထုတ်ရာတွင် ခေတ်သစ်ပင်ဂွင်းငှက်များ၏ အရိုးစုများနှင့် ရှေးကျသောပင်ဂွင်းငှက်များ၏အရိုးစုကို အမျိုးအစားနှစ်မျိုးခွဲခြားကာ ပြုလုပ်သွားမည်ဟုဆိုသည်။ လွန်ခဲ့သည့်နှစ်သန်းပေါင်း ၂၅ သန်းခန့်က Kainuku *အမည်ရှိ ပင်ဂွင်းငှက်များသည် အရှည် ၁ ဒသမ ၂ မီတာ (၄ ပေ ၂ စင်တီမီတာ) ရှိပြီး နှုတ်သီးမှာ ရှည်မျောမျောနှင့် ၎င်းတို့၏ ရေယက်ပြားမှာ ကြီးမားစွာရှိကြသည်ဟုဆိုသည်။* Kainuku *ပင်ဂွင်းငှက်များ၏ ပုံသဏ္ဌာန်သည် ကျော့ရှင်းတပ်မက်ဖွယ်ကောင်းသော ပင်ဂွင်းငှက်အမျိုးအစား တစ်မျိုးဖြစ်ပြီး သေးသွယ်သောကိုယ်ခန္ဓာနှင့် ထူပြီးတိုကာရှည်လျားသည့် ရေယက်ပြားများရှိကြသည်ဟု အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား တက္ကသိုလ်မှ စာရေးဆရာ ဒေါက်တာဒန်ကာဆက်ကာက ပြောကြားသည်။ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၅ သန်းခန့်က နယူးဇီလန်နိုင်ငံသည် ပင်ဂွင်းငှက်များအတွက် အစားအစာနှင့် လုံခြုံမှုနှစ်မျိုးစလုံးကို ပေးစွမ်းနိုင်မှုကြောင့် ၎င်းတို့၏ နေထိုင်မှုအတွက် ဆွဲဆောင်သည့် နေရာတစ်နေရာဖြစ်ခဲ့သည်။*

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်များ အချိန်စော၍ ရုပ်သိမ်းမပေးသင့်ဟုဆို

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ တိုးပွားလာသည့်အတွက် မူလစီစဉ်ထားသည်ထက်စောပြီး အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းပေးရေးတိုက်တွန်းချက်ကို အမေရိကန်အစိုးရအနေဖြင့် တင်းခံကာ တောင့်ထားသင့်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ရိုင်ယင်ခရော့ဘာက ပြောကြားလိုက်ကြောင်း မတ် ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယခုအခါ နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာလျက်ရှိကြောင်း၊ ထိုအခြေအနေကို လျော့ပါးသွားစေရန် ဆောင်ရွက်ဖို့လိုအပ်သည်ဟု မိမိယူဆကြောင်း၊ ပြီးနောက် လုပ်စရာရှိသည်တို့ကို ဆက်လုပ်ရမည်ဖြစ်ကြောင်း အမေရိကန် သံအမတ် ရိုင်ယင်ခရော့ဘာက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ဆိုမာလီအသံလွှင့်ဌာနညွှန်ကြားရေးမှူး သေနတ်သမားတို့ပစ်သတ်

ဆိုမာလီပုဂ္ဂလိကရေဒီယိုအသံလွှင့်ဌာန ဆိုမာလီဝင်း၏ ညွှန်ကြားရေးမှူး အဘူကာဟက်ဆန်ကာဒက်မှာ မိုဂါဒစ်ရှူးမြို့၌ လုပ်ကြံသတ်ဖြတ်ခံလိုက်ရကြောင်း မတ် ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

မိုဂါဒစ်ရှူးမြို့တော် ဝါဒါဂျာခရိုင်ရှိ ၎င်း၏နေအိမ်ရှေ့တွင် သေနတ်သမားသုံးဦးတို့က အဘူကာဟက်ဆန်ကာဒတ်၏ ဦးခေါင်းပိုင်းကို သေနတ်ဖြင့် သုံးလေးကြိမ် ပစ်ခတ်လုပ်ကြံကြောင်း၊ သေနတ်သမားများက ဖေဖော်ဝါရီ ၂၈ ရက်တွင် အဘူကာဟက်ဆန်ကားဒစ်အား အသေပစ်ခြင်းဖြစ်ကြောင်း၊ မိုဂါဒစ်ရှူးမြို့ မဒီနာဆေးရုံသို့ ၎င်းအားတင်ပို့သော်လည်း ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ

ကမ္ဘာကျော်အဆိုတော် အေဗရယ်လာဗင်း ဗီဒီယိုသီချင်းခွေထွက်ပြီ

လော့စ်အိန်ဂျလိစ် မတ် ၃

ကနေဒါ ဆယ်ကျော်သက်အဆိုတော်မလေး အေဗရယ်လာဗင်း **(ဝဲပုံ)**၏ အသစ်စက်စက် ဗီဒီယိုအခွေသစ်ထွက်လာပြီဖြစ်သည်။ ယင်းအခွေကို Goodbye လို့အမည်ပေးထားသည်။ သူမသည် မကြာသေးမီက ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေခဲ့ပြီးနောက် ယင်းဗီဒီယိုအခွေထွက်လာခဲ့ခြင်း ဖြစ်သည်။

ရေပန်းစား

အသက် ၂၇ နှစ်ရှိ အဆိုတော်အေဗရယ်လာဗင်းသည် လူငယ်ပရိသတ်များအကြား ရေပန်းစားနေသည့် အဆိုတော်ဖြစ်သည်။ ယင်းဂီတဗီဒီယိုအခွေသည် အချိန် ၁ နာရီနှင့် ၄၅ မိနစ်ကြာသည်။ သူမ၏ ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေပွဲတွင် လာရောက်အားပေးကြသော ပရိသတ်များအား အထူးပင် ကျေးဇူးတင်ကြောင်း သူမက ပြောကြားသည်။ **(အင်တာနက်)**

အဆိုတော်ဘီယွန်ဆေး ရုပ်ရှင်ရိုက်တော့မည်

လော့စ်အိန်ဂျလိစ် မတ် ၃

ကမ္ဘာကျော်အဆိုတော် ဘီယွန်ဆေးသည် ဒါရိုက်တာရိုင်ယန်မာဖီး ရိုက်ကူးမည့် One Hit Wonders ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ **(ဝဲပုံ)**

ဒါရိုက်တာ မာဖီးသည် အဆိုပါဇာတ်ကားကို ဂီတဇာတ်မြူးအဖြစ် ရိုက်ကူးတင်ဆက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အဆိုတော် ဘီယွန်ဆေးအနေဖြင့် ယင်းဇာတ်ကားတွင် အဆိုတော်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည် ဖြစ်သည်။

ဤဇာတ်ကားတွင် အခြားသော နာမည်ကြီးအဆိုတော်များဖြစ်ကြသည့် ကင်းမရွှန်းဒိုင်ရက်စ်၊ ရီဆေးဝစ်တာစပွန်း၊ အင်ဒီဆန်းဘတ်နှင့် ဂိုင်းနက်ပယ်ထရိုတို့နှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

ဘီယွန်ဆေးသည် ဂီတလောကတွင် အောင်မြင်ကျော်ကြားသည့် အဆိုတော်ဖြစ်သလို ရုပ်ရှင်ဘက်တွင်လည်း အောင်မြင်သူဖြစ်သည်။ သူမသည် မကြာမီက ကလေးဖွေးဖွားခဲ့သော်လည်း ယင်းဇာတ်ကားကို အကောင်းဆုံး သရုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ထားသည်။ **(အင်တာနက်)**

နည်းပြ အာစင်ဝင်းဂါး အကောင်းဆုံးနည်းပြဆုဆွတ်ခူး

လန်ဒန် မတ် ၃

အာဆင်နယ်အသင်း၏ နည်းပြ အာစင်ဝင်းဂါးသည် ပြီးခဲ့သည့် တစ်လတာကာလအတွင်း အမှားများရှိလင့်ကစား ပရီမီယာလိဂ်တစ်လတာအကောင်းဆုံး မန်နေဂျာဆု ဆွတ်ခူးရရှိသွားခဲ့သည်။ **(ဝဲပုံ)**

စံချိန်တင်နိုင်ခဲ့

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် တစ်လတာအတွင်း ချန်ပီယံလိဂ်တွင် အေစီမီလန်ကို ရှုံးခဲ့သည့်အပြင် အက်ဖ်အေဖလားနှင့်လည်း လွဲချော်ခဲ့ရသည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပရီမီယာလိဂ်တွင် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ဖေဖော်ဝါရီလအတွင်း ပရီမီယာလိဂ်လေးပွဲ ကစားရာတွင် ရမှတ် ၁၀ မှတ် စုဆောင်းနိုင်ခဲ့သည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်တွင် ၁၅ နှစ်ကြာ နည်းပြတာဝန်ထမ်းဆောင်လျက်ရှိရာ ယခုရရှိသည့် အကောင်းဆုံး နည်းပြဆုမှာ ၎င်း၏ တစ်လတာ အကောင်းဆုံးဆု ၁၂ ဆုမြောက် ဖြစ်သည်။ **(အင်တာနက်)**

ပေါစခိုးလ်အား အင်္ဂလန်အသင်းတွင် ပြန်ကစားသင့်ဟုဆို

လန်ဒန် မတ် ၃

ဟာရီရက်နက်သည် ပေါစခိုးလ် **(ဝဲပုံ)**အား အင်္ဂလန်အသင်းတွင်ပြန်လည်ထည့်သွင်းကစားရန် ကြိုးစားသင့်သော နည်းပြဖြစ်လိမ့်မည်ဟု ယုံကြည်မိကြောင်း မန်ယူ နောက်တန်းကစားသမားဟောင်း ဂါရီပီလစ်စတားက ပြောကြားသည်။

အနားယူ

အသက် ၃၇ နှစ်ရှိ ပေါစခိုးလ်သည် ၂၀၀၄ ခုနှစ်မှစပြီး နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားအဖြစ်မှ အနားယူခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် ဘောလုံးကစားခြင်းမှပင် အနားယူခဲ့သည်။ သို့သော်လည်း ဇန်နဝါရီလကစပြီး မန်ယူတွင် ပြန်လည်ကစားခဲ့သည်။ စပါးနည်းပြ ဟာရီရက်နက်အား အင်္ဂလန်နည်းပြအဖြစ် ရွေးချယ်ရန် အက်စ်အေက ဆက်သွယ်ထားသည်။ အင်္ဂလန်နည်းပြ ကာပယ်လိုသည် ဂျွန်တယ်ရီကိစ္စနှင့်ပတ်သက်ပြီး အက်စ်အေ၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်သဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သည်။ **(အင်တာနက်)**

ပရီမီယာလိဂ်တွင်သက်တမ်းအကြာဆုံး ကစားသမား ရိုင်ယန်ဂစ်ဖြစ်လာ

လန်ဒန် မတ် ၃

ရိုင်ယန်ဂစ် **(ယာပုံ)** သည် အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးသမားတွင် သက်တမ်းအကြာဆုံးဘောလုံးသမားဖြစ်လာသည်။

လာမည့် သီတင်းပတ်ကုန်တွင်ရိုင်ယန်ဂစ်သည် မန်ယူနှင့်အတူ ၂၁ နှစ်မြောက် အထိမ်းအမှတ်ပွဲအဖြစ် ကစားမည်ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်အပတ်က မန်ယူနှင့် နော့ဝှစ်တို့ကစားခဲ့သည့်ပွဲ မန်ယူက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိရာတွင် အနိုင်ဂိုးကို လေလွင့်ချိန်၌ သွင်းယူပေးခဲ့သည်။

ကစားပေးခဲ့

အသက် ၃၈ နှစ်ရှိ ဝေလတောင်ပံကစားသမားဂစ်သည် မန်ယူနှင့်အတူ အက်ဖ်အေဖလား လေးလုံး၊ ချန်ပီယံလိဂ်ဖလား နှစ်လုံး၊ ပရီမီယာလိဂ်ဖလား ၁၂လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် မန်ယူအတွက် ပွဲပေါင်း ၉၀၀ အထိ ကစားပေးခဲ့ပြီး ဖြစ်သည်။ **(အင်တာနက်)**



မာရေးက ဂျိုကိုဗစ်ကိုနိုင်၊ ဒူဘိုင်းချန်ပီယံရှစ်ဗိုလ်လုပွဲတက်

လန်ဒန် မတ် ၃

ဗြိတိသျှ တင်းနစ်ကစားသမား အင်ဒီမာရေးသည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်အား မတ် ၂ ရက်က ဒူဘိုင်းချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိလိုက်သည်။ **(ယာပုံ)**

ကစားခဲ့ရ

အင်ဒီမာရေးသည် ၂၀၁၂ ခုနှစ်အတွင်း ဂျိုကိုဗစ်အား အနိုင်ရသည့် ပထမဆုံးတင်းနစ်ကစားသမားဖြစ်လာသည်။ မာရေးသည် ယင်းပွဲတွင် ၁ နာရီ ၂၂ မိနစ်ကြာအောင်ကစားခဲ့ရသည်။ မာရေးကယင်းပြိုင်ပွဲတွင် ဂျိုကိုဗစ်အား ၆-၂၊ ၇-၅ ဖြင့် နိုင်ခဲ့သည်။

မာရေးသည် ဂျိုကိုဗစ်အား ဩစတြေးလျ အိုးပင်းအကြိုဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့သည်။ ယင်းရှုံးကြွေးကိုမာရေးက ပြန်ဆပ်လိုက်ခြင်းလည်း ဖြစ်သည်။

မာရေးသည် ဗိုလ်လုပွဲတွင် ရော်ဂျာဖက်ဒရားနှင့် ကစားရမည်ဖြစ်သည်။ ၎င်းသည် မာတင်ဒယ်ပိုထရိုအား ၇-၆၊ ၇-၆ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

❖ *ကျော့ဖုံးမှ*

လက်ရှိတွင် ခရီးစဉ်ဒေသအများစု၌ ဟိုတယ်အခန်းရရှိရန် ခက်ခဲမှုများဖြစ်ပေါ်လာသည့်အတွက် ဟိုတယ်အခန်းဈေးနှုန်းများ မြင့်တက်နေမှုလည်း ဖြစ်ပေါ်နေသည်ဟု သိရှိရသည်။ နိုင်ငံတော်ကလည်း ခရီးသွားဇုန်အလိုက် Entry, Transport, Hotel Standard, Interest Point တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံတွင် မီးခိုးမထွက်သောစက်ရုံများ တည်ဆောက်ထိန်းသိမ်းရေးကဏ္ဍကို ဆက်လက်တိုးတက်ကောင်းမွန်အောင် များစွာဆောင်ရွက်ရပေဦးမည်။ နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကြီးမားသော သမိုင်းဝင်အဆောက်အအုံများနှင့် နေရာများမပျက်စီးစေရန်၊ ဒေသတွင်းလူမှုဆက်ဆံရေးကိစ္စ၊ ခရီးသွားလုပ်ငန်းနှင့် တွဲဖက်ပါလာမည့် ပြဿနာများနှင့် ဆိုးကျိုးများ၊ သင်ခန်းစာယူရမည့်အချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ စဉ်းစားကြရမည်ဖြစ်သည်။

ဤနေရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ အရာရှိတစ်ဦးက ပြောဆိုသည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ "မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုတွေက အရမ်းကိုမြန်ဆန်လွန်းတယ်ဗျာ၊ ယုံတောင်မယုံနိုင်စရာဘဲ၊ ဒီပြောင်းလဲမှုတွေကြောင့် ကျွန်တော်တို့ဆီက ဧည့်သည်တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့လာကြတယ်။ ဧည့်သည်တွေအတွက် ဟိုတယ်တွေကို ကျွန်တော်စုံစမ်းတာ အခန်းအလွယ်တကူမရဘူးဗျာ။ လက်ရှိဟိုတယ်အခန်းတွေမှာ ဧည့်သည်တွေနဲ့ မလုံလောက်တော့ဘူး။ အဆင့်မီဟိုတယ်တွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်ရဦးမယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၃၊ အာဆီယံဆီးဂိမ်းပွဲတော် လက်ခံကျင်းပဖို့ရှိတာရယ်၊ ၂၀၁၄ အာဆီယံဥက္ကဋ္ဌ ရာထူးတာဝန်တွေကို မြန်မာနိုင်ငံက ယူထားတာတွေကြောင့်ပေါ့ဗျာ။ နောက်တစ်ခုက ကားတွေဗျာ။ Taxi ကားတွေက စုတ်နေပြီ၊ ရန်ကုန်မြို့မှာ ခရီးသွားဧည့်သည်တွေ ဒီလောက်ဝင်နေတာ Taxi ကားတွေ ကောင်းကောင်းနဲ့ အစားထိုးသင့်တယ်ဗျာ။ ကျွန်တော့်အမြင်ပြောရရင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကားတွေကို၊ Taxi တွေကို တာဝန်ယူပြီး ဆောင်ရွက်သင့်တယ်ဗျာ။ မြို့တော်ရဲ့ ဂုဏ်သိက္ခာလည်းတက်တာပေါ့ဗျာ။ ဆက်ပြီး ဝင်လာမယ့် ခရီးသွားတွေလည်း မငြိုငြင်နိုင်တော့ဘူးပေါ့။ လာမယ့်ခရီးသွားတွေ အဆင်ပြေပြီးခင်ဗျားတို့ရဲ့ ခရီးသွားလုပ်ငန်းလည်း ဝင်ငွေတိုးတာပေါ့ဗျာ" ဟု ထိုသံအရာရှိက ပြောဆိုသည်။

အမှန်တွင် အိမ်သာ၍ ဧည့်လာသည်ဖြစ်ရာ အိမ်ရှင်က ဧည့်သည်ကို ဝတ္တရားကျေအောင် ကျရာနယ်ပယ်အသီးသီးတွင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် နိုင်ငံ၌ကောင်းမွန်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတကာမှဧည့်သည်များ ပိုမိုဝင်ရောက်လာတော့မည်မှာ မလွဲကေန်အမှန်ဖြစ်သည်။

နိုင်ငံ၏ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အခြေအနေကောင်းများ မြင်တွေ့နေရပြီဖြစ်၍ နိုင်ငံတကာမှ ပိုမိုအာရုံစိုက်လာကြပါပြီ။ တစ်ချိန်သောကာလတွင် အိမ်နီးချင်းနိုင်ငံများကဲ့သို့ဧည့်သည်များ ပိုမိုဝင်ရောက်လာတော့မည်ဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းများ၊ နိုင်ငံသားများအနေဖြင့် လိုအပ်သည်များကို ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း။

ကျိုက်ထီးရိုးရင်ပြင်ပေါ်မှ ဂျီအက်စ်အမ်ဖုန်းများ

ကျိုက်ထို မတ် ၃

ကျိုက်ထီးရိုးဘုရားဖူးများ အများဆုံး လာရောက်သောအချိန်မှာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများဖြစ်သော်လည်း မတ်လဆန်းအထိ ကျိုက်ထီးရိုးရင်ပြင်ပေါ်တွင် ဘုရားဖူးဧည့်သည်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသည်ကို တွေ့ရသည်။ ပြည်တွင်းဘုရားဖူးများသာမက ကမ္ဘာလှည့်ခရီးသည်များကိုပါ အများအပြားတွေ့သည်။

ဆက်စပ်ဖွံ့ဖြိုး

ထိုသို့ ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များလာရောက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းသည်လည်း ဆက်စပ်ဖွံ့ဖြိုးလာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ အဆိုပါဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါဖွံ့ဖြိုးရမည်မှာ ဆက်သွယ်ရေးလုပ်ငန်းဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေစဉ်တွင် ကျိုက်ထီးရိုးရင်ပြင်ပေါ်တွင် ဘုရားဖူးဧည့်သည်အချို့၏ တူညီသောစကားသံအချို့ကို ကြားသိလာရသည်။ ၎င်းသည်ကား "ဘုရားဖူး ဧည့်သည်တွေနဲ့ အမြဲမပြတ် စည်ကားနေတဲ့ ဒီလိုနေရာမျိုးမှာ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းတွေ သုံးလို့မရတာ ဧည့်သည်တွေအတွက်တော့ အခက်တွေ့တာပဲလေ။ ခုချိန်မှာ ဂျီအက်စ်အမ်ဖုန်းတွေလူသုံးများလာတော့ ကျိုက်ထီးရိုးဘုရားဖူးတွေလည်း အသုံးပြုနိုင်အောင် ဦးစားပေးစီစဉ်ပေးသင့်တယ်" ဟူ၍ ဖြစ်သည်။ ***(ကိုလင်း-သတင်းထောက်)***

မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျက်သရေဆောင် မဟာအတုလ ဝေယံ သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၈ နာရီခွဲက အဆိုပါ ဗိမာန်တော်ကြီး မုခ်ဦးရှေ့၌ ကျင်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဗိမာန်တော်ကြီး တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်က မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ခြောက်ထပ်ကြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိ ထံမှ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ ဗိမာန်တော်ကြီး တည်ဆောက်ရေးကော်မတီ နာယက ဝန်ကြီး ဒေါက်တာမြင့်သိန်းက ဗိမာန်တော်ကြီးတည်ဆောက်မှုနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ယင်းနောက် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားအပြီးတွင် သုံးခွမြို့နယ် ရဲနွံ့ကျေးရွာအဝင် သံကူကွန်ကရစ် တံတားထိပ်ယာယီမဏ္ဍပ်၌ ကျင်းပသော ဗလာစာအုပ်များ၊ ဆိုလာပစ္စည်းများ လှူဒါန်းပွဲနှင့် သံကူကွန်ကရစ် တံတား ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက် အားပေးကြရာ ပြည်ထောင်စုဝန်ကြီးက သုံးခွမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း လေးကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် သုံးခွမြို့နယ် အတွင်းမီးမလင်းသေးသော ကျေးရွာများ အတွက် 2W မီးသီးလေးလုံးပါ ဆိုလာစနစ် သုံးစုံကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက 2W မီးသီး တစ်လုံးပါ ဆိုလာစနစ် ငါးစုံကို လည်း ကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီးဦးကျော်စိုး၊ တိုင်း ဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ မြင့်သိန်းနှင့် ရဲနွံ့ကျေးရွာ ရပ်မိရပ်ဖ ဦးဟံထွန်းတို့က ရဲနွံ့ကျေးရွာ အဝင် သံကူကွန်ကရစ်တံတားကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငွေဝတ်မှုံရပ်ကွက် ရွှေတောင်ကြား (၁)နေ ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ငြိမ်း) (၁၄) နှစ်ပြည့် အားရည်စူး၍ သီရိသုမင်္ဂလာ ဒေါ်ခင် သိန်းနှင့် သားသမီးမြေးတစ်စုတို့က ထာဝရ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စာပေဟောပြောပွဲ ကျင်းပ

မိုင်းဆတ် မတ် ၃

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် စာပေ မြတ်နိုးသူများက ကျင်းပသည့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီက မြို့နယ်မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် စာရေးဆရာများ ဖြစ်ကြသော ဆရာချစ်နိုင်(စိတ်ပညာ)က စာဖတ်ခြင်းဖြင့် ကြီးမြင့်ပါစေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ကိုရိုးကွန့်က အယ်ဒီတာ့တာဝန်ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ စာရေးဆရာ အကြည်တော်က လမင်းဖမ်းပွဲ ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောကြသည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိရေးအတွက် စာရေးဆရာများက ဟောပြောခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Public Health, Family Medicine and Research (2012) သင်တန်းကို မတ်လ ၂၅ရက်မှ ဇွန်လ ၂၄ရက် အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်း ပို့ချမည်ဖြစ်သည်။

သင်တန်းတွင်ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများသည် မတ်၆ ရက် မွန်းလွဲ ၁နာရီ တွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)သို့ ကြွရောက်ကြရန်နှင့် သင်တန်း တက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် မတ် ၁၄၊ ၁၅ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံသုံးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ဖေဖော်ဝါရီ ၁၈ ရက်က လှိုင်သာယာမြို့နယ် အလယ်ကျေးရွာမီးဘေးကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းနှင့်အဖွဲ့ ဆန်နှင့်ဆေးဝါးများ ထောက်ပံ့ပေးအပ်ပြီးနောက် အားပေးစကားများ ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

စပါးဒိုင်ဖွင့်ပြီး အရန်ဆန်ဝယ်ယူ

ဘိုကလေး မတ် ၃

နိုင်ငံတော် အရန်ဆန်ဝယ်ယူထားရှိရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မြို့နယ်အရန်ဆန်ဝယ်ယူရေးလုပ်ငန်းကော်မတီမှ ၂၅ မှတ်ဆန် အဆင့်မီ ဧည့်မထစပါးများကို တင်း ၁၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် တောင်သူ လယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီ က ဘိုကလေးမြို့ မြို့မ (၆) ရပ်ကွက် အောင်သိဒ္ဓိဆန်စက်အမှတ် (၁) စပါးအဝယ် ဒိုင်တွင် နိုင်ငံတော်အရန်ဆန်အတွက် တောင်သူလယ်သမားများထံမှ စပါးဝယ်ယူနေမှု များကို အရန်ဆန်ဝယ်ယူရေးလုပ်ငန်းကော်မတီဝင် ဦးသောင်းဝင်း၊ မြို့နယ်အရန် ဆန်ဝယ်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ကော်မတီဝင်များက လိုအပ် သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ နိုင်ငံတော်အရန်ဆန်ဝယ်ယူရန်အတွက် ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ပြီး ဘိုကလေးမြို့နယ်အတွင်း စပါးအဝယ်ဒိုင်ငါးဒိုင် ဖွင့်လှစ်ဝယ်ယူလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်အထိ စပါးတင်း ၄၇၀၀ ဝယ်ယူရရှိထားပြီဖြစ်ကြောင်း သိရှိရ သည်။ **(ဝဇ၅)**

ကျေးရွာချင်းဆက်လမ်းနှင့် ချောင်းကူးသစ်သားတံတားဖွင့်

ကျိုက်ထို မတ် ၃

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျိုက္ကသာ-ခလွန်ကျေးရွာချင်းဆက် မြေသားလမ်းနှင့် ခလွန်ကျေးရွာချောင်းကူးသစ်သားတံတားသစ် ဖွင့်ပွဲအခမ်းအနား ကို ဖေဖော်ဝါရီ ၇ ရက်နံနက် ၈ နာရီက အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာချင်းဆက်မြေသားလမ်းနှင့်ကျေးရွာချောင်းကူး သစ်သားတံတားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် ခလွန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ မြေသားလမ်းမှာ အရှည် ၂ ဒသမ ၅ မိုင်နှင့် တံတားမှာအရှည်ပေ ၁၂၀ နှင့် အကျယ် ၁၄ ပေရှိပြီး စုစုပေါင်း ၅၉၅ ဒသမ ၉၅ သိန်းကုန်ကျခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လိုအပ်သည့် နေရာများသို့ မြွေဆိပ်ဖြေဆေးများလှူဒါန်းမည်

ရန်ကုန် မတ် ၃

စင်ကာပူ-မြန်မာပရဟိတအဖွဲ့များနှင့် မြန်မာနိုင်ငံ မြွေဆိပ်ဖြေဆေး ကော်မတီတို့ပူးပေါင်းကာ မြွေဆိပ်ဖြေဆေးများအား လိုအပ်နေသည့်နေရာအသီးသီး သို့ ဆက်သွယ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

“မြွေဆိပ်ဖြေဆေးက အရမ်းကိုဈေးကြီးပါတယ်။ မြွေကိုက်ခံရတဲ့သူအများစု က တောင်သူတွေဖြစ်နေပြီး မြွေဆိပ်ဖြေဆေးထိုးဖို့အတွက် အခက်အခဲရှိကြတယ်။ ဒါကြောင့် ၂၀၁၁ ခုနှစ်ကတည်းက မြန်မာပြည်အနှံ့အပြား အမှန်တကယ်မြွေကိုက်မှု များနေတဲ့နေရာတွေမှာ ဆေးတွေကို စုပေါင်းလှူဒါန်းခဲ့တာပါ။ လက်ရှိမှာတော့ ရရှိထားတဲ့အလှူငွေအရ အလုံး ၇၀၀ ကျော်လှူဒါန်းနိုင်မယ်လို့ လျာထားပါတယ်” ဟု အဆိုပါ ပရဟိတလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါမြွေဆိပ်ဖြေဆေးများကို လာမည့် မတ်လ ၇ ရက် (တပေါင်းလပြည့် နေ့)၌ မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းအတွင်း၌ သက်ဆိုင် ရာနေရာဒေသများရှိ ကျန်းမာရေးဌာနများသို့ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

“ကျွန်မတို့အနေနဲ့ ယခုလှူဒါန်းတဲ့အစီအစဉ်က တတိယအကြိမ်ဖြစ် ပါတယ်။ ၂၀၁၁ ခုနှစ်မှာ မြွေဆိပ်ဖြေဆေးအလုံး ၅၀၁ လုံးကို အမှန်တကယ် မြွေ ကိုက်ခံရမှုများတဲ့ ဒေသပေါင်း ၂၀ နီးပါးကို လှူဒါန်းထားခဲ့ပါတယ်။ အခုတတိယ အကြိမ်မှာတော့ နေရာ ၃၅ နေရာကို လှူဒါန်းဖို့ စိတ်ကူးထားပါတယ်။ ထပ်မံပြီး လှူဒါန်းကြမယ့် အလှူရှင်တွေရှိရင်လည်း ဆေးအလုံးရေ ပိုပြီးလှူနိုင်မှာဖြစ်ပါတယ်။ အခုဆိုရင် မနှစ်ကလှူခဲ့တဲ့ မြွေဆိပ်ဖြေဆေးအလုံး ၅၀၀ကျော်ကြောင့် လူ့အသက် ပေါင်း ၅၀၀ ကျော်ကို ကာကွယ်ပေးနိုင်ခဲ့ပြီဖြစ်တဲ့အတွက် အလွန်ကို ကျေနပ်မိပါ တယ်”ဟု Save the Aged မှ တာဝန်ရှိသူက ပြောပြသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ မြွေဆိပ်ဖြေဆေးကုသိုလ်အတွက် ထည့်ဝင်လှူဒါန်း လိုသူများအနေဖြင့် Save the Aged ၏ဖုန်းနံပါတ် ၀၉-၅၄၁-၅၀၉၉သို့ ဆက် သွယ်လှူဒါန်းနိုင်ပြီး နာဂလိုဏ်ဂူကလေးဝတောရ ဘုန်းတော်ကြီးကျောင်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သွန်းဝသန်)**

လူသားချင်းစာနာခြင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုသင်တန်းဖွင့်

ဖျာပုံ မတ် ၃

ဝေါလ်ဗွီးရှင်းမြန်မာဖျာပုံက လူသားချင်းစာနာခြင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု သင်တန်းကို ဖေဖော်ဝါရီ ၂၀၊ ၂၁ ရက်များတွင် ဖျာပုံရွာမ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းတွင် ပုသိမ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့မှ ဒုတိယရဲမှူး ခင်ခင်စိုးက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအကြောင်း သိကောင်းစရာများကို လည်း ကောင်း၊ ဒေါက်တာစံဦးက အခြေခံသိထားသင့်သည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကျန်းမာရေးအခန်းကဏ္ဍများကိုလည်းကောင်း၊ သတင်းထောက် ဦးသောင်းညွန့်(ဖျာပုံ) က ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေရေးရာသိမှတ်ဖွယ်ရာများကို လည်းကောင်း၊ သတင်းထောက် ဦးအောင်ဝင်း မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက လူထုဖွံ့ဖြိုး ရေးလုပ်ငန်းနှင့် စာပေဗဟုသုတ ဆက်စပ်အရေးပါပုံတို့ကို လည်းကောင်း ပို့ချကြ သည်။ သင်တန်းသို့ သက်ဆိုင်ရာကျေးရွာနှင့် ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဇဇ)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

စဉ့်ကူး မတ် ၃

စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော တရားမဝင်သစ် ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ညောင်ပင်သာကျေးရွာ အခြေခံပညာမူလတန်း ကျောင်း၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူနှင့် မြို့နယ်သစ်တောဦးစီး အရာရှိ ဦးကောင်းမြတ်လင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်များ၊ သစ်တော သစ်ပင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောအုပ်ကြီး ဦးသန်းနိုင်က တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်း ပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး တောအုပ် ဦးသန့်ဇင်က ထင်းအစားထိုးလောင်စာသုံး (A-1) မီးဖို ပြုလုပ်သုံးစွဲပုံများနှင့် အကျိုးအာနိသင် တို့ကို သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရ သည်။ **(၄၃၃)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ဖေဖော်ဝါရီ ၁၉ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အထက(၁) ကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေးတာဝန်ခံ ဒုတိယရဲမှူး အေးအေးမြင့် ပညာပေးဟောပြောစဉ်။ (၁၆၆)

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၁ ရက် နံနက် ၉နာရီက ကျင်းပသည့် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ သာသနာ့ဗိမာန်တော် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့သို့ ရောက်ရှိပြီး ပြည်လုံးကပ်ကျော် ဦးပါရဲ ဘုရားကုန်းမြေနှင့် မြစ်ကမ်းအရှည် တည်တံ့ခိုင်မြဲရေး အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ရာ ဒေသခံပြည်သူများက ငွေကျပ်သိန်း ၁၁၀၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးပါရဲဘုရား မြစ်ကမ်းပါးပြိုကျနေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဟင်္သာတမြို့အတွင်း ပတ္တမြားကျောင်းတိုက်၊ မြစ်ကွေ့ချောင် ပရိယတ္တိစာသင်တိုက်၊ မေဃဝတီပရိယတ္တိစာသင်တိုက်၊ မဟိတာရုမ်ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဓမ္မဗိမာန်ကျောင်းတိုက်၌ ဖွင့်လှစ်လျက်ရှိသော ဆဋ္ဌမအကြိမ် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် ပရဟိတ ပညာရေးကျောင်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးပြီး အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတမြို့နယ် နတ်မော်ကျေးရွာရှိ တိလောကဥဿျောင် လျောင်းတော်မူဘုရားကြီးသို့ရောက်ရှိပြီး ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ပြင်ဦးလွင်မြို့နယ် ပေပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်ပွဲနှင့် စုံညီပွဲတော် အခမ်းအနားကျင်းပရာ မူလတန်းမှ ပထမဆုရရှိသော မောင်သော်ဘုန်းထက်အား အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းအုန်းသန့် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မာန်အောင်ကျေးရွာအားမာန်သစ်စာကြည့်တိုက် အဆောက်အအုံရှေ့၌ ဇန်နဝါရီ ၁၄ ရက်က မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသော သုတရသစာအုပ် ၂၁၀ ကို နမ့်ခမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နေခြည်သွေးက မာန်အောင်ကျေးရွာ စာကြည့်တိုက်မှူး ဦးညီဒွဲနှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၄-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၃၀	နံနက်ခင်းသတင်း
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၄၀	International News

နေ့လယ်ပိုင်း

၁၁း၁၀	တေးဂီတအစီအစဉ်
၁၂း၂၀	**ရဟန်းစားရသောဆွမ်းတစ်နပ်** ဇော်လင်း၊အံ့ကျော်၊မြတ်သစ်

ရှုမြင်ခံစား ရုပ်မြင်သံကြား အစီအစဉ်များ

MRTV-4

၄-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၄၀	**အပွာယ်ပိတ်** တရားတော် [နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ (ဒါရိုက်တာ-မောင်နှင်းမိုး)

ညပိုင်း

၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရူက္ခဗေဒအထူးပြု) (ရုပ်ကွဗေဒ)
	အချစ်တေးသံရင်ခုန်သံ (အပိုင်း-၁၀)
၁၁း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၂)
၂း၀၀	MRTV-4 သတင်း
၂း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၈၇)
၃း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၃)
၆း၀၀	MRTV-4 သတင်း
၆း၁၅	Sunday Talk (စံဇာဏီဘို၊ မျိုးမြတ်သူ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၁၁)
၈း၀၀	MRTV-4 သတင်း

ဆေးပညာသတင်းဆန်းများ(၂၃)

ဒေါက်တာ ကံညွန့်

အရင်ဆေးပညာသတင်းဆန်းများ ဖော်ပြရာမှာ လက်ကိုင်ဖုန်းဟာ ကြာကြာသုံးရင် ဦးနှောက်ကင်ဆာအတွက် စိတ်မချရတဲ့အကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ ယခုနောက်ဆုံး ထွက်လာတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာကင်ဆာရောဂါဆိုင်ရာအဖွဲ့တို့ရဲ့ သတင်းပေးချက်ကိုလည်း ထပ်မံဖော်ပြလိုပါတယ်။ ၎င်းတို့ရဲ့ တွေ့ရှိချက်အရ လက်ကိုင်ဖုန်းက ထွက်လာတဲ့ Electro-magnetic wave ဟာ ဦးနှောက်ရဲ့ Tissue တွေကို အချိန်ကြာမြင့်စွာ နှိုးဆွလာရင် ထိခိုက်မှာ သေချာနေကြောင်းနှင့် ယခုတွေ့ရှိချက်အရ ယောကျ်ားတွေမှာ သုက်ရည်ရဲ့ အရည်အသွေးကို နိမ့်ကျစေပြီး မျိုးပွားနိုင်မှုကို ထိခိုက်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် လက်ကိုင်ဖုန်းကို တစ်နေ့မှာ လေးနာရီထက်ပိုအောင် မသုံးကြဖို့ ကလေးတွေကို လက်ကိုင်ဖုန်းသုံးခြင်းက တတ်နိုင်သလောက် လျှော့ဖို့နှင့် မသုံးမဖြစ်သုံးရမယ်ဆိုရင်လည်း လက်ကိုင်ဖုန်းကို နားနှင့်ကပ်မသုံးဘဲ ကြိုးပါတဲ့နားကြပ်နှင့်သုံးဖို့ လက်ကိုင်ဖုန်းကို ခေါင်းအုံးအောက်မှာထားပြီး မအိပ်ဖို့ နှိုးဆော်ထားကြောင်း တင်ပြလိုက်ရပါတယ်။

ဆေးပညာသတင်းဆန်းများ ဖော်ပြခဲ့ရာမှာ ဆေးလိပ်ရဲ့ ဆိုးကျိုးတော်တော်များများ ဖော်ပြခဲ့ပြီးပါပြီ။ ယခု ဆေးလိပ်သောက်ခြင်းဟာ မျက်စိကို ဘယ်လိုဒုက္ခပေးနိုင်တယ်ဆိုတဲ့ လေ့လာချက်အသစ်တစ်ခုကိုလည်း တင်ပြလိုပါတယ်။ ဒီလေ့လာချက်ကတော့ စင်ကာပူနိုင်ငံက ဆေးပညာရှင်တွေရဲ့ လေ့လာချက်ပါ။ ယင်းလေ့လာချက်အရ ဆေးလိပ်သောက်သူလူ ၁၀ ဦးမှာ ခြောက်ဦး ၅၇ ဒသမ ၅ ရာခိုင်နှုန်းဟာ ဆေးလိပ်ကြောင့် မျက်စိကွယ်နေရတယ်လို့ ဆိုပါတယ်။ အသက် ၁၄ နှစ်မှ ၈၃ နှစ်အရွယ် ဆေးလိပ်သောက်သူ ၂၀၀၀ ကျော်ကို လေ့လာခဲ့တာဖြစ်ပြီး မျက်စိကွယ်ရတဲ့ အကြောင်းကတော့ ARMD လို့ အတိုကောက်ခေါ်တဲ့ သက်ကြီးမျက်စိအာရုံလွှာ ပျက်စီးခြင်းရောဂါ (Age Related Mucula Degeneration) ကြောင့် ဖြစ်ရတာလို့ ဆိုပါတယ်။ ၎င်းတို့ လေ့လာချက်က ဆေးလိပ်သောက်သူ ၇၀ ရာခိုင်နှုန်းဟာ ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာနှင့် နှလုံးရောဂါဖြစ်နိုင်တယ်ဆိုတာ သိကြပေမယ့် မျက်စိကွယ်နိုင်တယ်ဆိုတာကိုတော့ ၄၀ ရာခိုင်နှုန်းလောက်ကပဲ သိကြတယ်လို့ ဆိုပါတယ်။

နောက်လေဖြတ်ရောဂါနှင့် ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကတော့ အကောင်းမြင်ဝါဒရှိသူတွေဟာ လေဖြတ်ရောဂါက အတော်အသင့် ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ Machigan ဆေးတက္ကသိုလ်က ဆေးပညာရှင်တစ်စုက အသက် ၅၀ ကျော် လူပေါင်း ၆၀၄၄ ဦးကို လေ့လာပြီး တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အကောင်းမြင်ခြင်းနှင့် လေဖြတ်ခြင်းဟာ ဘယ်လိုဆက်စပ်မှုရှိသလဲဆိုတာကိုတော့ အတိအကျပြောနိုင်ဖို့ ခက်ခဲပေမယ့် စိတ်ချမ်းသာအောင်နေသူ၊ စိတ်ထားကောင်းသူတွေဟာ ပိုကျန်းမာတာကြောင့် ဖြစ်နိုင်ကြောင်း တင်ပြထားကြောင်းပါခင်ဗျား။

ဆီးချိုရောဂါရှင်တွေအတွက် ဝမ်းသာစရာ သတင်းတစ်ပုဒ်ကိုလည်း ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါကတော့ Type I ဆီးချိုဝေဒနာရှင်များစွာဟာ နေ့စဉ် တစ်နေ့နှစ်ကြိမ် Insulin ဆေးထိုးပြီး နေကြရပါတယ်။ ဒီဝေဒနာရှင်တွေဟာ Living Cell Technology (LCT) ခေါ်တဲ့ ဝက်ထဲမှ ထုတ်ယူထားတဲ့ Insulin ထုတ်နိုင်တဲ့ Cells တွေ လူခန္ဓာကိုယ်ရဲ့ဗိုက်မှာ Transplant လုပ်ပေးရုံနှင့် နေ့စဉ် ဆေးထိုးစရာမလိုတော့ဘဲ အာနိသင်ကုန်အောင်ထိ နှစ်ရှည်လများ နေလို့ရတော့မယ်လို့ ဆိုပါတယ်။ ဒါကိုတော့ နယူးဇီလန်နိုင်ငံက ဆီးချိုရောဂါကုထုံးမှာ ကနေဦး ပညာရှင်တစ်ဦးဖြစ်ခဲ့သူ ပါမောက္ခ ရောဘတ်အီလီးဟော့ဒ်နှင့်အဖွဲ့က စမ်းသပ်အောင်မြင်ခဲ့တာလို့ သိရကြောင်းပါ ခင်ဗျား။

ဆီးချိုနဲ့ပတ်သက်တဲ့ နောက်သတင်းတစ်ပုဒ်ကတော့ အမေရိကန်နိုင်ငံ Centre for Disease Control and Prevention ဌာနကြီးရဲ့ ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံမှာ ယခုအခါ ဆီးချိုဝေဒနာရှင် ၂၆ သန်းရှိနေတယ်လို့ ဆိုပါတယ်။ ဒါဟာ အမေရိကန်လူမျိုး ၁၂ ယောက်မှာ တစ်ယောက် ဆီးချိုရှိနေတဲ့ သဘောပါ။ ၂၀၀၈ ခုနှစ်က ၂၃ ဒသမ ၆ ရာခိုင်နှုန်း သန်းကနေ ယခု ၂၀၁၀ ခုနှစ်မှာ ၂၆ သန်းထိ တိုးလာတဲ့အတွက် ရာနှုန်းနှင့်တွက်ရင် နှစ်နှစ်အတွင်း ကိုးရာခိုင်နှုန်း တိုးလာတယ်လို့ ဆိုပါတယ်။

ဒါဟာ အဝလွန်တာကို မထိန်းချုပ်နိုင်တဲ့အတွက် အမှတ်(၂) ဆီးချိုအမျိုးအစား ပိုဖြစ်လာရပြီး နောက်တစ်ချက်ကတော့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုကောင်းလာတာကြောင့် လူတွေဟာ ပိုအသက်ရှည်စွာ နေထိုင်လာရတဲ့အတွက် ဆီးချိုဝေဒနာရှင်တွေ ပိုတိုးလာတာဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသက် ၆၀ ကျော် အမျိုးသမီးတွေမှာ ဆီးချိုရှိပြီး အဝလွန်နေရင် ရင်သားကင်ဆာရောဂါ ပိုဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါကတော့ ဆွီဒင်နိုင်ငံက အမျိုးသမီးပေါင်း ၁ ဒသမ ၅ သန်းကို လေ့လာပြီး ပေါ်ထွက်လာတဲ့ တွေ့ရှိမှုပါ။ ဆွီဒင်နိုင်ငံ Lund University ကင်ဆာသုတေသနဌာနက ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ၎င်းတို့တွေ့ရှိချက်အရ အသက် ၆၀ ကျော် အဝလွန်ပြီး ဆီးချိုရောဂါရှိသူ အမျိုးသမီးတွေဟာ သာမန်အမျိုးသမီးတွေထက် ရင်သားကင်ဆာဖြစ်ဖို့ ၅၅ ရာခိုင်နှုန်း ပိုရှိနိုင်ကြောင်း တင်ပြထားကြပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်က အစားအသောက်နဲ့ ပတ်သက်ပါတယ်။ ကြက်သားနှင့် ကြက်ဥပုံမှန်စားသောက်ခြင်းဟာ ဦးနှောက်ရဲ့ မှတ်ဉာဏ်စွမ်းအားကို ပိုကောင်းစေတယ်ဆိုတဲ့ တွေ့ရှိချက်ပါပဲ။ ဒါကို အမေရိကန်နိုင်ငံ Boston University School of Medicine ဌာနမှ ဆေးပညာရှင်တို့ တွေ့ရှိခဲ့ကြတာဖြစ်ပြီး ၎င်းတို့ဟာ လူပေါင်း ၁၄၀၀၀ ကို ၁၀ နှစ်ကြာ လေ့လာခဲ့ကြတာလို့ ဆိုပါတယ်။

၎င်းတို့အဆိုအရ ကြက်ဥမှာပါတဲ့ အရေးပါတဲ့အာဟာရဓာတ်တစ်ခုဖြစ်တဲ့ (Choline) ကြောင့်လို့ သိရပါတယ်။ ဒီ Choline ဓာတ်ဟာ ဦးနှောက်ရဲ့ (Memory) စွမ်းအင်ကို မြှင့်တင်နိုင်တယ်လို့ ဆိုပါတယ်။ ဒီဓာတ်ပါတဲ့ တခြားအစားအစာတွေကတော့ ပဲအမျိုးမျိုးနှင့် ရေငန်ငါး၊ အသည်းနှင့် နွားနို့တို့ဖြစ်ကြောင်း သိရပါတယ်။

နောက်တွေ့ရှိချက်တစ်ခုမှာလဲ အမျိုးသမီးတွေဟာ Omega 3 Fatty Acid ပါတဲ့ ငါးကို ပုံမှန်စားခြင်းဖြင့် နှလုံးနှင့် သွေးကြောရောဂါတို့မှ ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကို ဒိန်းမတ်နိုင်ငံက ပညာရှင်တွေက အသက် ၁၅ နှစ်မှ ၄၉ နှစ်အရွယ် အမျိုးသမီးပေါင်း ၄၉၀၀၀ ကို လေ့လာပြီး တင်ပြထားတာပါ။ သူတို့တွေ့ရှိချက်အရ ဒီလိုငါးများများစားတဲ့ အမျိုးသမီးတွေမှာ ငါးတစ်ခါတစ်ရံ သို့မဟုတ် လုံးဝမစားတဲ့ အမျိုးသမီးတွေထက် ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ နှလုံးနှင့် သွေးကြောရောဂါဖြစ်တာက ကာကွယ်နိုင်ကြောင်း သိရပါတယ်။

နောက်ဝမ်းသာစရာ သတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါဝေဒနာရှင်တွေအတွက် ဖြစ်ပါတယ်။ အမျိုးသားတွေမှာ ဖြစ်တတ်တဲ့ Prostate Cancer ခေါ် ဆီးကျိတ်ကင်ဆာမှာ အသုံးပြုတဲ့ Proverge ဆေးဟာ ကင်ဆာဝေဒနာရှင်တွေကို အသက်လေးနှစ်ကနေ ငါးနှစ်အထိ ပိုရှည်နိုင်တယ်ဆိုတာ တွေ့ခဲ့ရပါတယ်။ လူတချို့မှာလဲ ရှစ်နှစ်လောက် အသက်ရှည်တာတွေ့ရတဲ့အတွက် ဒီဆေးနှင့် ပတ်သက်ပြီး American Cancer Society က Dr.Jen ဆိုသူက ဦးစီးပြီး သုတေသနထပ်မံပြုလုပ်ခဲ့ကြပါတယ်။ ၎င်းတို့တွေ့ရှိချက်အရ Proverge ဆေးဟာ လူခန္ဓာကိုယ်ရဲ့ Immune System (ကိုယ်ခံစွမ်းအား)ကို မြှင့်တင်နိုင်ကြောင်း တွေ့ရှိရပြီး ဒါနဲ့ဆက်စပ်ပြီး ကုရခက်တဲ့ Lymphoma ဆိုတဲ့ နောက်ကင်ဆာ ရောဂါတစ်မျိုးကို ကုသရာမှ အသုံးပြုမယ့် Second Vaccine တစ်မျိုးကို တီထွင်နိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါ တယ်။

နောက်ဆုံးဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ညအိပ်တဲ့အခါ မီးဖွင့်ပြီးအိပ်တဲ့အကျင့်ကို ဖျောက်ကြဖို့ တင်ပြလိုပါတယ်။ ဒီအကြောင်းနှင့်ပတ်သက်ပြီး ယခင်ဆေးပညာသတင်းဆန်းများ (၄)တင်ပြရာမှာလည်း တွေ့ရှိချက်အချို့ကို တင်ပြခဲ့ပါပြီ။ ညမီးထွန်းပြီးအိပ်စက်ခြင်းဟာ Melatonin Hormone အထွက်နည်းသွားကာ အမျိုးသားများမှာ ဆီးကျိတ်ကင်ဆာဖြစ်စေပြီး အမျိုးသမီးတွေမှာ ရင်သားကင်ဆာဖြစ်စေနိုင်ကြောင်း တင်ပြခဲ့ပါပြီ။ ယခု Harvand Medical School က ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်အရ မီးအလင်းရောင်နှင့် အိပ်စက်ခြင်းဟာ ကိုယ်ခန္ဓာအတွင်း ညအိပ်စက်ချိန်မှာ ထုတ်လုပ်တဲ့ Melatonin ဆိုတဲ့ Hormone ဓာတ်ထွက်ခြင်းကို တုံ့ဆိုင်းသွားစေပြီး အိပ်စက်ခြင်း မညက်ညောစေဘဲ သွေးပေါင်ချိန်၊ သွေးအတွင်း သကြားဓာတ် လည်ပတ်မှုတို့ကိုပါ အနည်းအပါး ထိခိုက်စေတယ်လို့ ဆိုပါတယ်။

Melatonin ဆိုတဲ့ ဟိုမုန်းဓာတ်ဟာ ဦးနှောက်ရဲ့ Pineal Gland ကထုတ်လုပ်တာဖြစ်ပြီး ခန္ဓာကိုယ်ကို သဘာဝကျကျလည်ပတ်ဖို့ Physiological Regulation Hormone အဖြစ် အသုံးဝင်တာလို့ဆိုပါတယ်။

ညအချိန် မီးအလင်းရောင်နှင့် အိပ်စက်ခြင်းကြောင့် ၎င်းဟိုမုန်းဓာတ်ထုတ်လုပ်မှုကို ၅၀ ရာခိုင်နှုန်းထက် လျော့နည်းသွားစေတယ်ဆိုပါတယ်။

အခုအခါ အမေရိကန်နိုင်ငံ Ohio တက္ကသိုလ်က ဆေးပညာရှင်တစ်စုရဲ့ ထပ်မံ တွေ့ရှိချက်ကိုလည်း တင်ပြလိုပါတယ်။ ၎င်းတွေ့ရှိချက်ကတော့ ညအချိန် မီးထွန်းပြီး အိပ်စက်ခြင်းဟာ ကိုယ်ခန္ဓာရဲ့ Glucose Metabolism ကိုထိခိုက်စေပြီး ခန္ဓာကိုယ်အလေးချိန် တက်လာနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါပဲ။ ဓာတ်ခွဲခန်းမှာ ကြွက်တွေကို ပုံမှန်အစားအစာကျွေးပြီး မီးထွန်းအိမ်စက်စေတဲ့အုပ်စုနှင့် မီးမထွန်းဘဲ အိပ်စက်စေပြီး စမ်းသပ်ကြည့်တဲ့အခါ မီးထွန်းပြီးအိပ်တဲ့ကြွက်တွေက ခန္ဓာကိုယ်အလေးချိန် ၅၀ ရာခိုင်နှုန်း တက်နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ မမျှော်လင့်ဘဲ တွေ့ခဲ့ရတာဖြစ်ပြီး ညအချိန် မီးအလင်းရောင်နှင့်အိပ်စက်ခြင်းဟာ လူငယ်တွေ အဝလွန်ခြင်းနှင့် ဆပ်စပ်မှုရှိ မရှိ နောက်ထပ် သုတေသနပြုစပ်းသပ်ရတော့မှာ ဖြစ်တယ်လို့သိရကြောင်း တင်ပြလိုက်ရပါတယ်။

ဒါကြောင့် ညအိပ်စက်တဲ့အခါ မီးရောင်မှိန်မှိန် (မီးအနီရောင်)သို့မဟုတ် မီးမထွန်းဘဲ အိပ်စက်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဒသမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုရစာပေပညာရှင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ စာပေဆုရှင် ဆရာဝန်တင်ရွှေကို မိမိ လေးစားကြောင်း၊ ဆရာဝန်တင်ရွှေသည် ဆေးပညာရှင်များ တန်ဖိုးထားသည့်ဘွဲ့များရခဲ့ပြီး ဆရာဝန်တစ်ယောက်အနေနှင့် ဆေးပညာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း၊ တစ်ဖက်ကလည်း ပြည်သူ့အကျိုးကို စာပေနှင့် ထမ်းဆောင်ခဲ့ကြောင်း၊ အများပြည်သူအတွက် စေတနာဖြင့် သုတ၊ ရသစာပေများ ရေးသားခဲ့သလို လူငယ်များ ဗဟုသုတရစေရန် ဉာဏ်ရည်မြင့်စာပေများ၊ ဆေးပညာစာပေများ၊ ဘာသာရေးတွင်လည်း ထေရဝါဒဗုဒ္ဓဘာသာကို ခိုင်မာတည်တံ့အောင် ရေးသားခဲ့ကြောင်း၊ နိုင်ငံနှင့်ပြည်သူ့အတွက် စာပေနှင့်တာဝန်ကျေခဲ့သလို ပရဟိတလူမှုရေးအလုပ်များကိုလည်း ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးလုပ်ငန်းများကိုလည်း တာဝန်ယူ လုပ်ဆောင်ခဲ့သည့် စေတနာရှင်တစ်ဦးဖြစ်ကြောင်း၊ စာရေးဆရာဖြင့် တာဝန်ကျေသလို နိုင်ငံ့သားကောင်းတစ်ယောက်အနေဖြင့် ပရဟိတလုပ်ငန်းများတွင် လုပ်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း၊ နိုင်ငံတော်၏ စာပေဆုချီးမြှင့်သည့် လစ်ဟာနေသည့်နေရာများကို ဆရာဝန်တင်ရွှေမိသားစုက ဆရာဝန်တင်ရွှေ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယခုနှစ်တွင် တစ်သက်တာစာပေဆုဖြစ်သော စာပေဂုဏ်ဆောင် ဆုတစ်ဆုကို စာရေးဆရာ ကဗျာဆရာကြီး ဇော်ဂျီအား ဆုချီးမြှင့်သည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေနှင့် ဆရာ့စာပေကို လေးစားပြီး ယခုကဲ့သို့ စာပေဆုများ နှစ်စဉ်မပျက် ချီးမြှင့်နိုင်ပါစေကြောင်းနှင့် မိမိတို့အနေနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆုပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက "ချစ်ဆိပ်ရည်သင့်သူများ" စာအုပ်ဖြင့် ဆုရရှိသည့် ဒေါက်တာဝင်းဆွေအား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက "ကြုံရ ဆုံရ ကျွန်တော့်နှစ်ဘဝ" စာအုပ်ဖြင့် ဆုရရှိသည့် ပါမောက္ခသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က "တောကြောင် မောင်ကျောက်ခဲနှင့် အခြားစာစုများ" စာအုပ်ဖြင့် ဆုရရှိသည့် ကြည်စိုးထွန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က "Myanmar and the Europeans" စာအုပ်ဖြင့် ဆုရရှိသည့် လှသိန်းကိုယ်စား ဦးခင်မောင်ရီနှင့် ဆရာဝန်တင်ရွှေ၏ ဇနီးဒေါ်အေးသန့်က တစ်သက်တာစာပေဆုဖြစ်သော "စာပေဂုဏ်ဆောင်ဆု" ရရှိသည့် စာရေးဆရာ ကဗျာဆရာကြီးဇော်ဂျီကိုယ်စား မြေးဖြစ်သူ ဒေါ်လှယဉ်မင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဆရာဝန်တင်ရွှေ၏ ဇနီး ဒေါ်အေးသန့်က စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား ဒေါက်တာကျော်စိန်အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ဆုရစာရေးဆရာများနှင့်ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို စူးစမ်းရှာဖွေခဲ့ရာမှ အထက်ဖော်ပြပါ သုတေသနစမ်းသပ်ချက်တစ်ရပ်ကို ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ ယင်းတို့သည် နိုင်ငံပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ရေငန်မှ ရေချိုထုတ်ယူရန် သုတေသနပြုခဲ့ကြခြင်းပင်ဖြစ်၏။

အလားတူ ရေငန်မှ ရေချိုထုတ်ယူနိုင်သည့် နည်းပညာကို နော်ဝေကုမ္ပဏီတစ်ခုကလည်း သုတေသနပြုလျက်ရှိသည်။ ယင်းနည်းပညာကို KED နည်းပညာဟု ခေါ်ကြသည်။ ယင်းကိရိယာသည် အမိုနီယမ်ဘိုင်ကာဗွန်နိတ်ဖျော်ရည်ကို အသုံးပြုထားသဖြင့် စွန့်ပစ်ရေဆိုးများကို ပြန်လည်သန့်စင်နိုင်စွမ်းရှိသည်ဟု ဆိုသည်။

အဆိုပါနည်းပညာသည် စွန့်ပစ်ရေဆိုးများကို ရေသန့်ပြုလုပ်နိုင်သည့်အပြင် လျှပ်စစ်ဓာတ်အားကိုပါ ထုတ်ယူနိုင်ကြောင်း ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ ပါမောက္ခလောဂန်နှင့်အဖွဲ့က ပြောကြားသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း **ရုပ်ရှင်အမြည်း** **ကိုလင်း (ရုပ်ရှင်သတင်းထောက်)**

ယခုတစ်ပတ် မြန်မာဇာတ်ကားသစ် ရုံမဝင် စိတ်ကူးယဉ်အက်ရှင် နိုင်ငံခြားဇာတ်ကားသစ်ရုံတင်

ရန်ကုန် မတ် ၃

ယခုတစ်ပတ် ရန်ကုန်မြို့လယ်ရှိ နေပြည်တော်ရုံတွင် စိတ်ကူးယဉ်အက်ရှင်နိုင်ငံခြားဇာတ်ကားသစ် Ghost Rider Spirit of Vegance ဇာတ်ကားရုံဝင်လာသည်။ **(အောက်ပုံ)**

အဆိုပါဇာတ်ကားကို ဒါရိုက်တာ Mark Neveldine နှင့် Brian Taylar တို့က ရိုက်ကူးထားပြီး Nicolas Cage နှင့် Idris Elba တို့က ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားသည်။ လူသားနှင့် မကောင်းဆိုးဝါးတို့ အားပြိုင်သော ဇာတ်ကားဟု ဆိုနိုင်သည်။ စိတ်ကူးယဉ်ဇာတ်ကားဖြစ်သော်လည်း ကြည့်ရှုရသူများအတွက် သဲထိပ်ရင်ဖိုဖြစ်ဖွယ် ခံစားရမည့် ဇာတ်ကားလည်းဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ နေထက်လင်း၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်သည့် အမွှေဇယားဇာတ်ကား ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။ **(မြန်မာ့အလင်း)**

လက်ခံယူ

တွံတေးမြို့နယ် စာပေချစ်သူလူငယ်များက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာ၌ ဆေး/အာဟာရ ပဒေသာပင်အဖြစ် ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်သန်း လက်ခံယူစဉ်။
(၀၀၉)

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်အောင် ကြိုးစား သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထားဆောင်ရွက်

နေပြည်တော် မတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းအထူးအဖွဲ့များ၊ အဖွဲ့ခွဲများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ၊ အဆောက်အအုံအထူးအဖွဲ့(၈)ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့(၈)ဖွဲ့၊ လမ်းအထူးအဖွဲ့(၁၆)ဖွဲ့၊ တံတားအထူးအဖွဲ့(၁၆)ဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့(၅)ဖွဲ့နှင့် အဖွဲ့ခွဲ(၅)ဖွဲ့တို့မှ အင်ဂျင်နီယာမှူးကြီးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က စီမံကိန်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းအလိုက် ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရန်၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ ပစ္စည်းအလေအလွင့် မရှိရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်၊ စာရင်းဇယားများစနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားပြီး ဒုတိယဝန်ကြီးများက လုပ်ငန်းများတိုးတက်အောင်မြင်ရေး ကြိုးကြိုးစားစားလုပ်ကိုင်သွားကြရန် မှာကြားသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

အစမ်းတွင်းနေရာများ ရွေးချယ်ကာ ယင်းတို့မှ အစမ်းတွင်းအမှတ် ပြည်သာအမှတ်(၁)ကို အနက် ၄၅၈၅ ပေအထိ တွင်းဖြောင့်တူးဖော်ပြီး အနက် ၅၀၉၄ ပေအထိကို တွင်းကောက်တူးဖော်သွားမည်ဖြစ်သည်။ ခန့်မှန်းတွင်းတူးဖော်ရက် ၃၅ ရက်ခန့် ကြာမြင့်မည်ဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းရန် အလားအလာရှိသော Pliocene နှင့် Miocene သက်တမ်းရှိ "လ" Prospect လွှာတွန့်ခုံးအနေအထားအား တူးဖော်စမ်းသပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွင့်လှစ်ပေး

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့ ပထမဦးဆုံး ရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။
(စစ်တုရင်အဖွဲ့ချုပ်)

သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၈ ရက်က Solar Power Mini Lighting System အသုံးပြုခြင်းဖြင့် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ကြောင်း ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဒေါ်ချိုချိုတင် ဟောပြောစဉ်။ (ခရိုင်ပြန်/ဆက်)

အမျိုးသားနှင့် အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပ

ရန်ကုန် မတ် ၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် (၃၈)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်စစ်တုရင်အားကစားမောင်မယ်များ သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပထမဦးဆုံးရွှေ့ကွက်ကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်ကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲ၌ ၁၆ ဦး၊ အမျိုးသမီးပြိုင်ပွဲ၌ ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို မတ် ၁၂ ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း) ပြိုင်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ ပြည်နယ်အတွင်း၌ပင် အိုးမကွာ အိမ်မကွာ အတတ်ပညာ၊ အသိပညာများ သင်ကြားနိုင်သည့် အဆင့်မြင့်နှင့် နည်းပညာ အခြေခံအဆောက်အအုံများ

- ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ယခင်က ဘားအံဒီဂရီကောလိပ်တစ်ကျောင်းသာရှိခဲ့ရာမှ ယခုအခါ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ဘားအံ)၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့ အသီးသီးပေါ်ထွန်းလာသည်။
- ကရင်ပြည်နယ်အတွင်း အဆင့်မြင့်ပညာနှင့် နည်းပညာ၊ အတတ်ပညာကျောင်းများ တည်ဆောက်ပေးနိုင်မှုကြောင့် ပြည်နယ်အတွင်းရှိ ပြည်ထောင်စုသား တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာကိုသာမက အတတ်ပညာ၊ နည်းပညာတို့ပါ သင်ကြားတတ်မြောက်စေကာ နိုင်ငံတော်နှင့် ပြည်နယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

အဆင့်မြင့်ကွန်ပျူတာနည်းပညာများအား ပြည်နယ်အတွင်းရှိ ကျောင်းသားများ သင်ယူနိုင်အောင် တည်ဆောက်ပေးထားသည့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)။(အပေါ်ဆုံးပုံ)

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ဆောက်ပေးထားသည့် မော်လမြိုင်တက္ကသိုလ်၌ ပြည်နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ (အပေါ်ပုံ)

ကရင်ပြည်နယ် ဇွဲကပင်တောင်အလှနှင့် နည်းပညာတက္ကသိုလ် (ဘားအံ)တို့က လိုက်ဖက်တင့်တယ်လှသည်။ (ယာပုံ)

ခံ့ညားထည်ဝါလှပသော နည်းပညာတက္ကသိုလ် (မော်လမြိုင်) သုံးထပ်စာသင်ဆောင်များတွင် ပြည်နယ်အတွင်းရှိ ကျောင်းသားလူငယ်များ နည်းပညာများ သင်ကြားလျက်ရှိသည်။ (အောက်ပုံ)

သတင်းမှတ်စု - မောင်ငြိမ်းအေး

Yangon Expo & Car Show ပြပွဲကျင်းပ

ရန်ကုန် မတ် ၃

Yangon Expo & Car Show ပြပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၂ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးလှမြင့်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ Smart Business Group မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဖုန်းမြင့်၊ Shine Construction Group ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးကိုကို၊ ကောင်းစေတမန်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးဇော်နှင့် Sea Cross ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းထက်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်သည်တော်များက ပြသထားသည့် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများ၊ စက်ဆီချောဆီများ၊ အီလက်ထရွန်နစ်နှင့်လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။**(အပေါ်ယာပုံ)**

ပြပွဲကို ကုမ္ပဏီ ၅၆ ခုမှ ပြခန်း ၁၄၇ ခန်းဖြင့် မတ် ၂ရက်မှ မတ် ၅ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား Japan International Cooperation Agency (JICA) ဒုတိယဥက္ကဋ္ဌ Mr. Izumi ARAI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရမည်းသင်း မတ် ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မဟာရွှေစည်းခုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီလ ၄ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း ဆိုင်ခန်းနေရာ၊ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် တည်ဆောက်ရေးလုပ်ငန်းကဏ္ဍ အသီးသီးအတွက် စေတီတော်ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကျော်စိန် ဖုန်း-၀၆၄-၄၀၂၈၃၊ အတွင်းရေးမှူး ဦးသန်းမောင် ဖုန်း-၀၉-၄၉၃၁၄၂၂၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထမနဲထိုးပြိုင်ပွဲ ဝေါမြို့နယ်၌ ကျင်းပ

ဝေါ မတ် ၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့ မြက်ခင်းပြင်၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီက ကျင်းပရာ ပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ယုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ဌာနဆိုင်ရာနှင့် ရပ်ကွက်များမှ အသင်း(၁၁)သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ပထမဆုရ ကျန်းမာရေးဦးစီးဌာနအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ဒုတိယဆုရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကလည်းကောင်း၊ တတိယဆုရ လယ်/ဆည်အသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အုန်းလွင်ကလည်းကောင်း အသီးသီးဆုချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၂၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်နှင့် မလွှကုန်းရပ်ကွက်ရှိ ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဦးစီးအရာရှိ ဦးခင်မောင်ညွန့်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (လဝက)

မိတ္ထီလာကန်ပတ်လမ်း သံဆန်ခါ ကာရံခြင်းလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ မတ် ၃

မိတ္ထီလာခရိုင် မိတ္ထီလာမြို့၏ သမိုင်းဝင် မိတ္ထီလာကန်အတွင်း ရေချိုးခြင်း၊ ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်း၊ အမှိုက်ပစ်ခြင်းများပြုလုပ်ခြင်းမှ ကင်းဝေးစေရန် ဖောင်တော်ဦးကရဝိက်မှ မိတ္ထီလာ-မြင်းခြံကားလမ်းဆုံးအထိ သံဆန်ခါကာရံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆောင်ရွက်ပြီးဖြစ်သည်။

အဆိုပါ သံဆန်ခါကာရံခြင်းလုပ်ငန်းတွင် ငါးလက်မပတ်လည်၊ အမြင့် ရှစ်ပေရှိ ကွန်ကရစ်တိုင်များဖြင့် အရှည် ပေ ၃၈၀၀ သံဆန်ခါများ ကာရံပြီး မိတ္ထီလာကန်မှ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။ (၄၀၇)

အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်ကောင်စီနယ်မြေတွင် ကျင်းပသော အာဆီယံစီးပွားရေးဝန်ကြီးများ တွေ့ဆုံပွဲကို တက်ရောက်ရန် ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Gita Wirjawan အား မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်ဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းတိုးတို့က ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော် အမရာဟိုတယ်၌ သွားရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် Perum Bulog တို့အကြား ချုပ်ဆိုထားသော ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိစ္စရပ်များ၊ နှစ်နိုင်ငံဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများနှင့် ကုန်သွယ်မှုတိုးမြှင့်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သင်တန်းပို့ချ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ စောင့်ကြည့်အဖွဲ့များအား ရပ်ကွက်အလိုက် သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးသက်လွင်က အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲမှူး အေးမြင့်၊ မြောက်ပိုင်းခရိုင်မှုခင်းမှတ်တမ်းတာဝန်ခံ ဒုတိယရဲမှူး ခင်ဝေလွင်၊ လှိုင်သာယာရဲတပ်ဖွဲ့ ရဲအုပ်နိုင်ဝင်း၊ ဒုတိယရဲအုပ် လှမျိုးအောင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များမှ တာဝန်ရှိသူများက လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ သင်တန်းသို့ လှိုင်သာယာမြို့နယ် အမှတ်(၂၊ ၅၊ ၇၊ ၁၄၊ ၁၅)ရပ်ကွက်နှင့် ရေဥက္ကံကျေးရွာများမှ သင်တန်းသား ၃၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၃၃)

ရွှေသောင်ယံ မြို့နယ်ခွဲရှိ သဘော့ကန်လမ်းပေါ်တွင် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၂ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁၃ သိန်းဖြင့် ဆောက်လုပ်ခဲ့သော ခရင်ချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၃)အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ ပထမဆုရရှိသော တတိယတန်းမှ မောင်ခန့်စည်သူဝင်းအား ဆရာမကြီးဒေါ်အေးအေးမူ ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပုသိမ်-ငပုတော ကျောက်ချောလမ်းအဆင့်ပြီးစီး

ပုသိမ် မတ် ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်များသို့ ဆက်သွယ်သောလမ်းသည် လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းအမှတ် (၁၁)ဖြစ်ပြီး အဆိုပါလမ်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပုသိမ်မှ ငပုတောအထိ ၂၁ မိုင် ကွာဝေးသော အဆိုပါလမ်းလုပ်ငန်းများ ဖေဖော်ဝါရီ ၂၉ ရက်တွင် ကျောက်ချောလမ်းအဆင့်ထိ ပြီးစီးလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းမှာ ၁၂ ပေကျယ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အဖွဲ့နှစ်ဖွဲ့၊ အပါအဝင် လမ်းအထူးအဖွဲ့ သုံးဖွဲ့၊ လေယာဉ်ကွင်း အထူးအဖွဲ့တစ်ဖွဲ့နှင့် အဆောက်အအုံအထူးအဖွဲ့တစ်ဖွဲ့ စုစုပေါင်း ခုနစ်ဖွဲ့ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် မတ်လကုန်တွင် အချိန်မီပြီးစီးရေး စီမံဆောင်ရွက်လျက်ရှိသော ၄င်းလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတား၊ သက္ကယ်ချောင်းတံတားတို့ကိုလည်း တံတားအထူးအဖွဲ့ ၁၂ ဖွဲ့နှင့် အထူးစီမံကိန်းကြီး အဖွဲ့ ငါးဖွဲ့တို့မှ တည်ဆောက်လျက်ရှိကြကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ပါဝင်ယှဉ်ပြိုင်

ဖေဖော်ဝါရီ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မူလတန်းကြိုကျောင်း၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဉာဏစွမ်းရည်ပြိုင်ပွဲတွင် အကြီးဆင့်ပုံပြောပြိုင်ပွဲ၌ မဒီခြိမ့် ပါဝင်ယှဉ်ပြိုင်စဉ်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်းဟောပြော

လှိုင်လင် မတ် ၃

ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက ကွန်ဟိန်းမြို့နယ် အဝေးပြေးကားဂိတ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင်ရုံး ခရိုင်ဦးစီးမှူး ဦးချစ်တင်က လမ်းအသုံးပြုသူများ သတိထားရမည့် ဆောင်ရန်ရှောင်ရန် အချက်များကိုလည်းကောင်း၊ စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးရာတွင် လိုက်နာရမည့် အချက်များကိုလည်းကောင်း ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်နောက်လိုက်နှင့် ဒေသခံပြည်သူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ကညန)**

ရမည်းသင်းမြို့တွင် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရမည်းသင်း မတ် ၃

ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၄ နာရီက ရမည်းသင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။ ဗိုလ်လုပွဲတွင် ထူးဘစီအသင်းနှင့် ပျိုတို့မောင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ထူးဘစီအသင်းက ပျိုတို့မောင်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆုရ ထူးဘစီအသင်းအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဆုငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ဒုတိယဆုရ ပျိုတို့မောင်အသင်းအား ခရိုင်ဒုတိယတရားသူကြီး ဦးသန်းထွဋ်က ဆုငွေကျပ်ခုနစ်သောင်းကို လည်းကောင်း၊ အကောင်းဆုံးအသင်း၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားနှင့် အကောင်းဆုံးဂိုးသမားဆုများကို တာဝန်ရှိသူများက လည်းကောင်း ဆုငွေများချီးမြှင့်ကြကြောင်း သိရှိရသည်။ **(၀၁၁)**

မြန်မာ့အလင်း မှ ခင်း သ တင်း ၃-၃-၂၀၁၂

ဆိုင်ကယ်ကဓာတ်တိုင်ဝင်တိုက်၊ ဆိုင်ကယ်စီးသူနှစ်ဦးသေဆုံး

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ကျောက်ပန်းတောင်းကားလမ်းတွင် ဖေဖော်ဝါရီ ၁၅ ရက်ညက ကျောက်ပန်းတောင်းကားလမ်း နဂါးပုံလက်ဖက်ခြောက်ဆိုင်ရှေ့၌ နန်းတော်ကုန်းရပ်ကွက် နယ်မြေ(၁)နေ ဦးစန်းမြင့်(၄၈)နှစ် စီး၍နောက်မှ အောင်ဆန်းနယ်မြေနေ ကိုကိုဦး(ခ) ရဲအောင် (၃၀)နှစ် စီးလာသော ၁၉ယ/. . . ရင်ဇင်း ၁၁၀ အနက်ရောင်ဆိုင်ကယ်သည် လမ်းဘေးရှိ ဓာတ်တိုင်အား အရှိန်ပြင်းထန်စွာဖြင့် ဝင်ရောက်တိုက်မိသည်ဆို၏။ ထိုကဲ့သို့ ဝင်ရောက်တိုက်မိ၍ ဦးစန်းမြင့်နှင့် ကိုကိုဦးတို့မှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုကို အမှတ်(၁)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ကလေးမူးယစ်(အထူး) အဖွဲ့မှ ရဲအုပ်မျိုးမြင့်ဦးစီးတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ကလေးမြို့ တာဟန်းရပ် နယ်မြေ(၃) အိမ်အမှတ်(၉၁)နေ ဖွန်ယုံထန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုခန်းအတွင်း နံရံတွင်ချိတ်ဆွဲထားသည့် လွယ်အိတ်အတွင်းမှ တန်ဖိုးငွေကျပ် ၃၆၀၀၀၀ ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် စိတ်ကြွဆေးပြားများ လက်ဝယ်တွေ့ရှိ ဖမ်းဆီးရမိသူ ဖွန်ယုံထန်အား ကလေးရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေအရ အရေးယူထားကြောင်း သိရှိရသည်။ (၁၆၅)

ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် ရှာဖွေရေးတွင်း ပြည်သာအမှတ်(၁) စတင်တူးဖော်

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့ Doo Sung Semi- Submersible တွင်းတူးစက်ပေါ်၌ ကမ်းလွန်လုပ်ကွက် အမှတ် A-6 ရှာဖွေရေးတွင်း ပြည်သာအမှတ်(၁) တွင်းတူးစင်ထိန်းချုပ်ရေး စက်ခန်းအတွင်း၌ စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးစဉ်။ (စွမ်းအင်)

ရန်ကုန် မတ် ၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E & P Pte., Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် ရှာဖွေရေးတွင်း ပြည်သာအမှတ်(၁) စတင်တူးဖော်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလုပ်ကွက်ရှိ Doo Sung Semi-Submersible တွင်းတူးစက်ပေါ်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ MPRL E & P Pte., Ltd. မှ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်တို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တွင်းတူးစက်ရှင်းလင်းဆောင်၌ MPRL E & P ကုမ္ပဏီ၏ Technical Manager Dr. Eloi Dolivo က တွင်းတူးဖော်မည့် အစီအစဉ်များနှင့် မြေအောက်ဘူမိအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က လိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တွင်းတူးစင်ထိန်းချုပ်ရေး စက်ခန်းအတွင်းမှ မင်္ဂလာအချိန်တွင် စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးသည်။

MPRL E & P ကုမ္ပဏီသည် ၂၀၀၉၊ ၂၀၁၀ ခုနှစ်များအတွင်း ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် 2D နှင့် 3D ဆိုက်စမစ်တိုင်းထွာရေးလုပ်ငန်းများ ဆောင်ရွက်၍ *စာမျက်နှာ ၈ ကော်လံ ၅* ✻

မြန်မာ့အလင်း နိုင်ငံတကာအနုပညာ မြင့်မောင်စိုး - ရေးသားသည်

အော်စကာဆုရ အမျိုးသမီးဒါရိုက်တာ ဘင်လာဒင်ရှာပုံတော်ဇာတ်ကားရိုက်ပြီ

ချန်ဒီဂါ မတ် ၃

အော်စကာဆုရ ဟောလိဝုဒ်ဒါရိုက်တာ ကက်သရင်းဘစ်ဂျလို **(ယာပုံ)**သည် အိန္ဒိယနိုင်ငံ ချန်ဒီဂါမြို့၌ အိုစမာဘင်လာဒင်ရှာပုံတော် ရုပ်ရှင်ကားကြီးကို စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း မတ် ၂ရက်က အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

အဆိုပါ ဒါရိုက်တာသည် လွန်ခဲ့သည့် ၈ ရက်က အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများက ရေးသားဖော်ပြသည်။ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်သည် ပြီးခဲ့သည့်နှစ် မေလက ပါကစ္စတန်နိုင်ငံ အဘုတ်တဘတ်မြို့တွင် အမေရိကန်အထူးတပ်ဖွဲ့၏ လက်ချက်ဖြင့် ဘဝနိဂုံးချုပ်ခဲ့ရသည်။

ဒါရိုက်တာ ဘစ်ဂျလိုနှင့် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ယင်းရုပ်ရှင်ကားကိုပြသနိုင်ရန် မျှော်လင့်ထားသည်။ မစ္စဘစ်ဂျလိုသည် The Hurt Locker ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆု ဆွတ်ခူးခဲ့သူဖြစ်သည်။ ထိုကားသည် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း စစ်ရေးတိုက်ခိုက်ခဲ့ခြင်းကို မှတ်တမ်းရုပ်ရှင်ကားအဖြစ် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ဖောင်ပိတ်အားကစား

ကောင်းမြတ်သူ - ရေးသားသည်

လီဗာပူးအိမ်ကွင်း၌ အာဆင်နယ်အောင်ပွဲခံ

လန်ဒန် မတ် ၃

ပရီမီယာလိဂ်ပွဲစဉ် (၂၆)ဘောလုံးပြိုင်ပွဲများကို မတ် ၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က လီဗာပူးအိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားနံပါတ် ၄ နေရာသို့ တက်ရောက်လာသည်။

လီဗာပူးတို့ အိမ်ကွင်းတွင် နှစ်ကြိမ်တိုင် ဂိုးသွင်းခွင့် အခွင့်အရေးရခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်ဇ် ပယ်နယ်တီကန်သွင်းသော်လည်း လွဲချော်ခဲ့ရသည်။

အဖွင့်ဂိုး

လီဗာပူးတို့ တိုက်စစ်အရှိန်မြင့်တင်ကစားခဲ့ရာ ပွဲချိန် ၂၃ မိနစ်တွင် အာဆင်နယ်နောက်ခံလူ ကိုစီယင်နီ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသဖြင့် လီဗာပူးတို့ အဖွင့်ဂိုးရခဲ့သည်။

သို့သော်လည်း ပွဲချိန် ၃၁ မိနစ်တွင် ဗန်ပါစီက အာဆင်နယ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ တစ်ဖက်နှင့် တစ်ဖက် အနိုင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ဗန်ပါစီက လေလွင့်ချိန်တွင် အာဆင်နယ်အတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

(အင်တာနက်)

အာဆင်နယ်အသင်း တိုက်စစ်မှူး ဗန်ပါစီက ခေါင်းတိုက်သွင်းယူစဉ်။

ဗြိတိန်သူတစ်ဦး ရက်ထပ်နှစ်နှင့် တိုက်ဆိုင်စွာ အမြွှာကလေး လေးဦး ခြောက်မိနစ်အတွင်း မွေးဖွား

ဘရစ္စတို မတ် ၃

ရက်ထပ်နှစ်ဖြစ်သည့် ယခုနှစ်၏ ဖေဖော်ဝါရီ ၂၉ ရက်တွင် ကလေး လေးဦးကို တစ်နေ့တည်း ခြောက်မိနစ်အတွင်း မွေးဖွားလိုက်နိုင်သည့် အင်္ဂလန်နိုင်ငံ ဘရစ္စတိုမြို့သူ၏သတင်းကို အင်တာနက်သတင်း၌ ဖော်ပြသည်။

အမ်မာရော်ဘင်သည် စိန့်မိုက်ကယ်သားဖွားဆေးရုံ၌ ဖေဖော်ဝါရီ ၂၉ ရက် ညပိုင်းတွင် မွေးဖွားရက်ထက် ၁၁ ပတ်စော၍ သူမ၏ရင်သွေးငယ် လေးဦးကို ခြောက်မိနစ်အတွင်း ဗိုက်ခွဲမွေးဖွားခဲ့ခြင်းဖြစ်သည်။

ဇာချာရီ၊ ရှာဘန်း၊ ဂျီရှောနှင့် ဆင်မြူရယ်ဆိုပြီး ကလေး လေးဦးကို အမည်မှည့်ခဲ့သည်။ ထိုလေးမြွှာပူးကလေးများတွင် ကိုယ်အလေးချိန် အများဆုံးမှာ ၃ပေါင် ၁ အောင်စရှိပြီး အနည်းဆုံးကလေးငယ်၏ ကိုယ်အလေးချိန်မှာ ၂ပေါင် ၈အောင်စ ရှိသည်။

သဘာဝအတိုင်း သန္ဓေတည်ခဲ့သည့် လေးမြွှာပူးကလေးလေးဦးတွင် နှစ်ဦးမှာ ချွတ်စွပ်တူသော အမြွှာလေးများဖြစ်ကြောင်း မိခင်ဖြစ်သူ အမ်မာ **(အပေါ်ယာပုံ)**က ဝမ်းသာစကားဆိုခဲ့သည်။ သန္ဓေတည်ရာတွင် သဘာဝအတိုင်းအားဖြင့် လေးမြွှာပူးအထိသန္ဓေတည်ဖို့ရန်မှာ ဖြစ်တောင့်ဖြစ်ခဲ အလွန်ရှားပါးသည့် ဖြစ်ရပ်ပါဟု အတိုင်ပင်ခံပါရဂူတစ်ဦးက ပြောကြားခဲ့သည်။ ထိုလေးမြွှာပူးကလေးငယ်များအား မိခင်ဖြစ်သူအမ်မာသည် ၂၉ ပတ်နှင့် တစ်ရက်တိတိ ကိုယ်ဝန်လွယ်ခဲ့ကာ ရက်ထပ်နှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)



ရက်ထပ်နှစ်တွင် မွေးဖွားခဲ့သော ဇာချာရီ၊ ရှာဘန်း၊ ဂျီရှောနှင့် ဆင်မြူရယ် လေးမြွှာပူး ကလေးငယ်လေးများအား စိန့်မိုက်ကယ်သားဖွားဆေးရုံ၌ မြင်တွေ့ရစဉ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်း တတိယနေရာရရှိလာသော မြန်မာနိုင်ငံ

သတင်းမှတ်စု – ကိုဇော်

နေပြည်တော် မတ် ၃

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ခရီးသွားနေရာများ ရွေးချယ်ပွဲတွင် မြန်မာနိုင်ငံက တတိယနေရာ ရရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၈ ရက်နေ့က ထုတ်လွှင့်သည့် CNN သတင်းတွင် တွေ့လိုက်ရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၁ ခုနှစ်တွင် စတင်တိုးတက်လာခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်မူ အခြားသောနှစ်များထက် ခရီးသွားဝင်ရောက်မှု တိုးတက်ခြင်းများကို တွေ့ကြုံလာရကြောင်း၊ ဟိုတယ်အခန်း မလုံလောက်မှုများသည် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး စသည့် ခရီးစဉ်ဒေသအများစုတွင် ဖြစ်ပေါ်နေကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေးနှင့် ပုဂံဝင်ပေါက်များ၊ နယ်စပ်ဝင်ပေါက်များမှ ခရီးသွားဦးရေ ဝင်ရောက်မှုများ ယခင်နှစ်ကထက် သိသိသာသာတိုး၍ ဝင်ရောက်ခဲ့သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရှိရသည်။ အမှန်တကယ်တွင် ခရီးသွားလုပ်ငန်းသည် တိုင်းပြည်ဝင်ငွေရသည့် အကျိုးအမြတ်များသော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံဟု ခရီးသွားနယ်ပယ်တွင် တင်စားခေါ်ဝေါ်ကြသည်။ ယခုကာလတွင် ခရီးသွားလုပ်ငန်း သိသိသာသာ တိုးတက်လာသည်မှာ နိုင်ငံ၏ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ခရီးသွားများစိတ်ဝင်စားဖွယ် အထင်ကရနေရာများ တည်ရှိမှု၊ မြန်မာလူမျိုးများ၏ဖော်ရွေမှု၊ တာဝန်ကျေပွန်မှုနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ တမူထူးခြားမှုတို့ကြောင့် ဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❖